ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့၊ (8-1-2016) (၈၄၁၉)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ယဉ်ကျေးမှုအမွေအနှစ်များနှင့် မြောက်ဦးဒေသ ကမ္ဘာ့စိတ်ဝင်စားဖွယ်ဖြစ်လာ

*သတင်း - မင်းသစ်၊ ဓာတ်ပုံ - ငွေးအောင်(ကြေးမုံ)*

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာ့ယဉ်ကျေးမှုနှင့်သဘာဝအမွေအနှစ်များအပေါ် အခြေခံသည့် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရန် ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြောသည်။

"ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးဖို့အတွက် Tourism Management တွေ လုပ်ပေးရမယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေ ကာကွယ်ထိန်းသိမ်းဖို့အတွက် စီမံခန့်ခွဲမှုတွေ လုပ်ရမယ်။ မြန်မာ့ခရီးသွားလုပ်ငန်းက ယဉ်ကျေးမှုနဲ့ သဘာဝအမွေအနှစ်တွေပေါ် အခြေခံတဲ့ ခရီးသွားလုပ်ငန်းဖြစ်တယ်"ဟု ၎င်းကပြောသည်။

ယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက် မပျက်စီးစေရန် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေးဥပဒေ၊ ၁၉၉၈ ဥပဒေ၊ ၂၀၁၁ နည်းဥပဒေများ ထုတ်ပြန်ထားပြီး အဆိုပါဥပဒေများနှင့် လိုက်လျောညီထွေသည့် စည်းကမ်းချက်များကို ထုတ်ပြန်ထားကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက် မပျက်စီးစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် **စာမျက်နှာ ၃ ကော်လံ ၃ သို့**



ရခိုင်ပြည်နယ် မြောက်ဦးဒေသရှိ သျှစ်သောင်းပုထိုးတော်ကြီးအတွင်းမှ ကမ္ဘာလှည့်များစိတ်ဝင်စားသည့် မြန်မာ့ရှေးဟောင်းအနုပညာလက်ရာများကို တွေ့ရစဉ်။

# ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် ရေချိုငါးမွေးမြူရေးလုပ်ငန်းမှ ကန်ဒေါ်လာ သန်း ၁၂၀ ကျော်ရရှိရေး ရည်မှန်း

**ဖျာပုံ ဇန်နဝါရီ ၇**

မြန်မာ့ပင်လယ်ပြင်နှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့တွင် သမားရိုးကျ ငါးများဖမ်းဆီးရာမှ ခေတ်မီနည်းပညာများဖြင့် အလွန်အကျွံဖမ်းဆီးခြင်း၊ တားမြစ်ကန့်သတ်ထားသည့် ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးခြင်း၊ ငါးများ ဥချ မျိုးပွားရာသီတွင် ဖမ်းဆီးခြင်း၊ ရာသီဥတုမမှန်ကန်မှုတို့ကြောင့် ဂေဟစနစ်များ ပျက်စီးခြင်းတို့နှင့် လယ်ယာမြေများတွင် ဓာတုပစ္စည်းများထည့်သွင်းကြဲပက်ခြင်း စသည်တို့ကြောင့် ယခုအခါ ငါးများ မျိုးပွားမှုနည်းပါးသွားသဖြင့် ဖမ်းဆီးရရှိမှု တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာပြီဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ မှတ်တမ်းများအရ သိရသည်။

နိုင်ငံတကာတွင်လည်း အလားတူဖြစ်ရပ်များကြောင့် အချို့ငါးများမှာ မျိုးသုဉ်းခြင်းနှင့် ငါးများရှားပါးနေပြီဖြစ်ကြောင်း သိရသည်။ လူတို့ နေ့စဉ်စားသောက်ရာတွင် ဟင်းခတ် သို့မဟုတ် အဓိကဟင်းလျာအဖြစ် ငါးမပါလျှင် မပြီးပေ။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

### ယနေ့ ကြေးမုံ ဖတ်စရာ

ရန်ကုန်မြို့၌ တည်ဆောက်လျက်ရှိသည့် စည်းကမ်းမကိုက်ညီသော အထပ်မြင့်အဆောက်အအုံများကို ရပ်ဆိုင်းထားရန် အရေးကြီး အဆိုတင်သွင်း စာ » ၇
၂၀၁၅ ခုနှစ်တွင် မန္တလေးမြို့သို့ နိုင်ငံတကာဧည့်သည်များ လျာထားချက်ထက် ပိုမိုဝင်ရောက်ခဲ့ စာ » ၈
ပြည်သူများ ရောင်းဝယ် ဖောက်ကားမှု လွယ်ကူစေရေး ရန်ကုန်မြို့တော်စည်ပင်မှ ဈေးသစ်များ တည်ဆောက်နေ စာ » ၈
ယင်းမာပင်ဒေသယမားလွင်ပြင်တွင် ယခင်နှစ်ကထက် ကြက်သွန်စိုက်ပျိုးမှုများလာပြီး ဈေးကျမည်ကို စိုးရိမ်နေ စာ » ၁၁



ကြေးမုံစာတည်းရှုထောင့် ၈-၁-၂၀၁၆ သောကြာနေ့

# အပြန်အလှန်အကျိုးပြု

ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလအတွင်း အများပြည်သူ အကျိုးစီးပွားအတွက် တိုးတက်ကောင်းမွန်နိုင်ရာ ကိစ္စအမျိုးမျိုးကို နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းညွှန်ချက်တို့နှင့်အညီ ဆိုင်ရာဆိုင်ရာတို့က ဦးစားပေးအဆင့်အလိုက် အဆင့်ဆင့် အကောင်အထည်ဖော်ခဲ့ကြသည်ကို တွေ့ရသည်။

အချို့လုပ်ငန်းများတွင် ပြည်သူလူထုအတွက် ထိရောက်သည့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းခဲ့သည်မှာ အမှန်ဖြစ်သည်။ အချို့လုပ်ငန်းများတွင်မူ ပွဲပြီးမီးသေ သဘောမျိုးရှိခဲ့ပြီး အချို့လုပ်ငန်းများတွင် ပလိုင်းပေါက်နှင့် ဖားကောက်သလိုမျိုးလည်းရှိသည်။ အချို့လုပ်ငန်းများတွင်လည်း မနိုင်ဝန်ကို ထမ်းရသဖြင့် အလုပ်မဖြစ်သည့် အခြေအနေများလည်း ရှိခဲ့သည်။

မည်သို့ပင်ရှိစေ ပြုပြင်ပြောင်းလဲမှုများကို ငါးနှစ်တာကာလအတွင်း အတော်များများလုပ်နိုင်ခဲ့သည်ဟု ပြောရမည်ဖြစ်သည်။ ထိုသို့ လုပ်ကိုင်ကြရာတွင် ပြည်သူလူထု၏ နိစ္စဓူဝလူမှုဘဝများအတွက် မဖြစ်မနေ အသုံးပြုရသည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းစနစ်များကို ပြောင်းလဲပြုပြင်ကာ အလေးထားဆောင်ရွက်ပေးခဲ့မှုများကို အသိအမှတ်ပြုရမည်ဖြစ်သည်။

အပြောင်းအလဲအတွက် ကောင်းခြင်း၊ ဆိုးခြင်းအဖုံဖုံကို မြင်တွေ့ခဲ့ရာ၌ သက်ဆိုင်ရာတို့၏ လိုအပ်ချက် ဆိုသည်ထက် အများပြည်သူတို့၏ အားနည်းချက်များကိုလည်း ပေါင်းထည့်ပြုပြင်ပါမှ ပြုပြင်ပြောင်းလဲမှု၏ မျှော်မှန်းထားသည့် ရည်ရွယ်ချက်များကို ထိထိရောက်ရောက် အပြည့်အဝဖော်ဆောင်ရာရောက်မည်ဖြစ်ပြီး နိုင်ငံတော်၏ အနာဂတ်လူမှုဘဝများလည်း ခိုင်မာအားကောင်းလာမည်ဖြစ်သည်။

သာဓကတစ်ခုအနေဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းများကို ယခင်နှင့် မတူတိုးတက်ကောင်းမွန်လာရန် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖော်ဆောင်ပေးနေသည်ကို တွေ့ရသည်။ ရန်ကုန်မြို့ကဲ့သို့ လူဦးရေထူထပ်သော ဒေသတွင် ခရီးသည်ယာဉ်ပို့ဆောင်မှုတစ်ခုတည်းနှင့် မလုံလောက်သောကြောင့် မြို့ပတ်ရထားခရီးသွားလုပ်ငန်းကို ပြုပြင်ပြောင်းလဲ တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိသည်။

မြို့ပတ်ရထားဆိုသည်မှာ မြို့နယ်များမှ လူဦးရေများများကို ပို့ဆောင်ပေးနိုင်သောလုပ်ငန်းဖြစ်၍ အလုပ်ဖြစ်သော ပို့ဆောင်ရေးစနစ်ဖြစ်သည်။ နိုင်ငံကြီးများတွင်လည်း မြို့ပတ်ရထားများ၊ မြေအောက်ရထားများကို ပြည်သူများက အဓိကအားထားစီးနင်းကြသည်။ မြန်မာနိုင်ငံတွင် ရန်ကုန်မြို့၌ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်ကာလမှ ယနေ့ထက်တိုင် မြို့ပတ်ရထားကို အားထားအသုံးပြုနေဆဲဖြစ်သည်။

ပြည်သူများသွားလာမှု အဆင်ပြေလွယ်ကူစေရေးအတွက် ယခုအခါ မူလရှိပြီးရထားများအပြင် ရထားစက်ခေါင်းသစ်များ၊ လူစီးတွဲဆိုင်းသစ်များ၊ မြို့ပတ်ရထားများသာမက လျှပ်စစ်ရထားများပါ တိုးချဲ့ပြေးဆွဲနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။ ထို့အပြင် အဆိုပါရထားသစ်များဖြင့် ရန်ကုန်-မန္တလေးခရီးစဉ်များတွင် စမ်းသပ်မောင်းနှင်ပြေးဆွဲပေးနေပြီဖြစ်သည်။

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် ရထားများအဆင့်မြှင့်တင်ခြင်းသာမက ရထားလမ်းပိုင်းများကိုလည်း ပြုပြင်မွမ်းမံမြှင့်တင်ဆောင်ရွက်ပေးနေပြီဖြစ်ရာ တစ်နာရီလျှင် ကီလိုမီတာ ၁၁၀ နှုန်းဖြင့် ပြေးဆွဲနိုင်မည်ဖြစ်၍ လိုရာခရီးသို့ မြန်မြန်ဆန်ဆန် သွားလာနိုင်မည်ဖြစ်သည်။ ရထားစီးခရီးသွားခြင်းသည် လူများစွာကို သယ်ဆောင်နိုင်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ မြို့တွင်းသို့ တိုက်ရိုက်ရောက်ရှိနိုင်ခြင်း စသည့်အားသာချက်များရှိသောကြောင့် အထူးအလေးထားသင့်သည့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းဖြစ်သည်။

သို့ရာတွင် အဆိုပါလုပ်ငန်းများ ရေရှည်ကောင်းမွန်တည်တံ့ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများသာမက ခရီးသွားပြည်သူများတွင်လည်း တာဝန်ရှိမည်ဖြစ်သည်။ သက်ဆိုင်ရာက စဉ်ဆက်မပြတ်ကောင်းမွန်အောင် ဆောင်ရွက်ပေးနေချိန်တွင် ခရီးသွားပြည်သူများဘက်ကလည်း စည်းကမ်းရှိစွာဖြင့် လိုက်ပါစီးနင်းကြဖို့ လိုအပ်မည်ဖြစ်သည်။

ထို့ကြောင့် ပြည်သူများအတွက် အရေးပါသော ရထားပို့ဆောင်ရေးလုပ်ငန်းများ ရေရှည်အောင်မြင် ဖြစ်ထွန်းစေရန်အတွက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အကျိုးပြုဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

## မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)အား ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လေ့လာမှု များပြား

**မန္တလေး ဇန်နဝါရီ ၇**

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်လက်ရာများ၊ ရေမြေတောတောင်သဘာဝအလှရှုခင်းများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့များကို လေ့လာနိုင်ရန် နိုင်ငံခြားသားခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မှု များပြားလျက်ရှိရာ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ၊ မြန်မာ့အနုပညာဗိသုကာလက်ရာများ စံပြကျောင်းဖြစ်သော မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)အား ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်လေ့လာမှု များပြားလျက်ရှိသည်။

"ဒီသစ်သားကျောင်းကြီးကို လာရောက် လေ့လာရတဲ့အတွက် ကျေနပ်မိပါတယ်။ လာရောက်လေ့လာသူတိုင်းလည်း သဘောကျမယ်ထင်တယ်။ ပန်းချီ၊ ပန်းပုအနုပညာဗိသုကာလက်ရာတွေ အနီးကပ်တွေ့ရတဲ့အတွက် အလွန်သဘောကျမိပါတယ်။ ကျောင်းကြီးတည်ဆောက်ပုံနဲ့ အနုပညာလက်ရာတွေက စနစ်ကျတယ်။ ရှေးခေတ် မြန်မာပညာရှင်တွေရဲ့ အနုပညာလက်ရာတွေက အလွန်အံ့သြစရာကောင်းပါတယ်"ဟု ကျောင်းကြီးအား လာရောက်လည်ပတ် လေ့လာသော ခရီးသွားတစ်ဦးက ပြောသည်။

ရွှေကျောင်းဟု လူသိများသော ရွှေနန်းတော်ကျောင်းသည် နှစ်ပေါင်း ၁၃၀ ကျော် သက်တမ်းရှိပြီး ကုန်းဘောင်ခေတ်(၁၉) ရာစု မြန်မာ့အနုပညာဗိသုကာလက်ရာ စံပြကျောင်းကြီးဖြစ်သည်။

ရွှေနန်းတော်ကြီးမှာ အမိုးသုံးဆင့်၊ လယ်ပေါ်နှစ်ထပ်၊ စမြင်ပါသော ဇေတဝန်ဆောင်ဖြစ်သည်။ ကျောင်းကြီးတစ်ဆောင်လုံးတွင် အရှေ့အနောက်တိုင် ၁၅ လုံးတန်းနှင့် တောင်မြောက် ၁၀ လုံးတန်းရှိခြင်းကြောင့် တိုင်ပေါင်း ၁၅၀၊ နယားရုပ်ထောက်တိုင်ပေါင်း ၅၄ တိုင်နှင့် သရက်ကင်းအုတ်လှေကားငါးစင်းဖြင့် တည်ဆောက်ထားသည်။



ကျောင်းကြီးတစ်ခုလုံးတွင် မြန်မာမှု သစ်သားပန်းပုအခြေခံ ခြူးပန်း၊ ခြူးနွယ် အပြောက်အမွမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ်ရုပ်ကြွများနှင့် အတွင်းမာရဘင် အရှေ့ပိုင်းကွန်းစင်တိုင်အခြေတွင် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်တော်များကို စိတ်ဝင်စားဖွယ်လက်ရာမြောက်စွာ အနုစိတ်တပ်ဆင်ထားကြောင်း မှတ်တမ်းများအရ သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



## ဆေးရုံသုံးပစ္စည်းကိရိယာပြပွဲနှင့် ဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၇**

ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (Ministry of Economy, Trade and Industry (METI) နှင့် (Medical Excellence japan (MEJ)အဖွဲ့သည် ဂျပန်-မြန်မာဆေးပညာဆိုင်ရာ မြင့်မားတိုးတက်ရေးနှင့် လူသားအရင်းအမြစ် မြင့်မားတိုးတက်ရေးကို ရှေးရှု၍ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း (People's Health Foundation)၏ကူညီမှုဖြင့် စွမ်းရည်မြင့်ဆေးရုံသုံး ပစ္စည်းကိရိယာများ ပြပွဲနှင့် ဆေးပညာနှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီခွဲမှ စတင်ကာ မွန်းလွဲပိုင်းအထိ ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆေးပညာနှီးနှောဖလှယ်ပွဲတွင် ဂျပန်နိုင်ငံဆေးဘက်ဆိုင်ရာကုမ္ပဏီများက ဆေးပညာရပ်ဆိုင်ရာကိရိယာများ ပြသခြင်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာများ ရှင်းလင်းတင်ပြခြင်း၊ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဆရာဝန်ကြီးများက ကင်ဆာရောဂါနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအကြောင်းဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်(ရွှေဈေး) ၇၄၉၃၀၀ - ၇၅၀၃၀၀ မန္တလေး(ရွှေဈေး) ၇၄၈၈၀၀ - ၇၄၉၈၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၉၀/၆၁၀ ကျပ်၊ | ၆၃၀/၆၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၂၀/၇၃၀ ကျပ်၊ | ၈၂၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၁၀/၆၃၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၈၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၃. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၀၄. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈. ၇၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၉၆၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၄၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၅၂၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၉၈. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈. ၆၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၂. ၇၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၇. ၄၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ကင်းထောက်လူငယ် မောင်မယ်များ၏ နိုင်ငံတကာကင်းထောက်အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၇**

ကင်းထောက်လုပ်ငန်းများ အကြောင်းနှင့် ကင်းထောက်လူငယ် မောင်မယ်များ၏ နိုင်ငံတကာကင်းထောက်အတွေ့အကြုံ ရှင်းလင်းဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ဒဂုံတက္ကသိုလ်၌ ကျင်းပရာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလှငွေးက နှုတ်ခွန်းဆက် စကားပြောကြားပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာတင်ညိုနှင့် မြန်မာနိုင်ငံအမျိုးသမီး ကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်တို့က ကင်းထောက်လုပ်ငန်းများအကြောင်းနှင့် နိုင်ငံတကာကင်းထောက် အတွေ့အကြုံများကို နိုင်ငံတကာဆက်ဆံရေးပညာ စတုတ္ထနှစ်ကျောင်းသား မောင်ကောင်းဆက်ဟိန်းတို့က ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ အမျိုးသားအမျိုးသမီးကင်းထောက်ကြီးများ၊ ပါမောက္ခများ၊ ကထိကများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒဂုံတက္ကသိုလ်ကင်းထောက်အဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ကိုလတ်(သတင်းစဉ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ

# ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီများမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့စီးပွားရေးဦးပိုင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူးက ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်နှင့် ပယ်ဖျက်ရန် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

### ❐ ယဉ်ကျေးမှုမှ

ပုဂံနှင့်ကမ္ဘာ့အမွေအနှစ်ရထားသည့် ပျူမြို့ဟောင်းနေရာများတွင် ယဉ်ကျေးမှုအမွေအနှစ်ဇုန်များ သတ်မှတ်ထားပြီး အဆိုပါ ဇုန်များအတွင်း တုန်ခါမှုဖြစ်စေသည့်လုပ်ငန်းများ၊ ရေထု၊ လေထု၊ မြေထုညစ်ညမ်းစေမည့် ဟိုတယ်များ၊ စားသောက်ဆိုင်ကြီးများနှင့် စက်မှုလုပ်ငန်းများ ဆောက်လုပ်ခွင့်မပြုကြောင်းသိရသည်။

"လွတ်ကင်းတဲ့ နေရာတွေမှာတော့ ဟိုတယ်တွေ ဆောက်လုပ်ခွင့်ပြုထားတယ်။ ဟိုတယ်တွေဖွံ့ဖြိုးမှ ဒေသခံတွေလည်း အလုပ်အကိုင် အခွင့်အလမ်းတွေရမယ်။ အသေးစားလုပ်ငန်းတွေ ဖွံ့ဖြိုးအောင်လုပ်မယ်ဆိုရင် တစ်ဖက်ကလည်း ခရီးသွားလုပ်ငန်းအတွက် အဆင်ပြေမယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေကိုလည်း ထိန်းသိမ်းရာရောက်မယ်"ဟု ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြောသည်။

ခရီးသွားလုပ်ငန်းသည် သိမ်မွေ့နက်နဲပြီး ထိရှလွယ်သော လုပ်ငန်းတစ်ခုဖြစ်ရာ သဘာဝအလှအပ အရင်းအမြစ်များဖြင့် ပြည့်စုံသော မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သော်လည်း ရုံဖန်ရံခါ ရာသီဥတု ဖောက်ပြန်မှုကဲ့သို့အခက်အခဲများဖြင့် ကြုံတွေ့ရပါက ရုတ်တရက်တိုးတက်မှုများ နှောင့်နှေးသွားနိုင်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနက သုံးသပ်ထားသည်။

မြန်မာနိုင်ငံတွင် အင်းလေးနှင့် ပုဂံကဲ့သို့ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသော ခရီးစဉ်များရှိသကဲ့သို့ မြန်မာပြည်မြောက်ပိုင်း ရေခဲတောင်ဒေသများ၊ တောင်ပိုင်းရှိ များပြားလှသော ကျွန်းစုများ၊ ယဉ်ကျေးမှုအမွေအနှစ်များရှိနေသည့် ရခိုင်ပြည်နယ် မြောက်ဦးဒေသတို့သည် ကမ္ဘာ့စိတ်ဝင်စားဖွယ်နေရာများဖြစ်နေကြောင်း ဧည့်လမ်းညွှန်များက သုံးသပ်ထားသည်။

"မြောက်ဦးမှာက ခရီးသွားဧည့်သည်တွေ စိတ်ဝင်စားစရာ ယဉ်ကျေးမှုတွေအများကြီးရှိတယ်။ ဟိုတယ်နဲ့ သယ်ယူပို့ဆောင်ရေးပိုင်းမှာ အားနည်းတော့ ပုဂံလိုခရီးသည် သိပ်မလာဘူး။ အဆင့်မြှင့်တင်ပေးမယ်ဆိုရင်တော့ ခရီးသည်တွေလာကြမှာ"ဟု ခရီးသွားဧည့်လမ်းညွှန် ကိုဇော်မင်းဦးက ပြောသည်။

"ယဉ်ကျေးမှုနဲ့ သဘာဝအမွေအနှစ်တွေကြည့်ပြီး ပြည်ပက ခရီးသွားဧည့်သည်တွေလာကြတာ။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံယဉ်ကျေးမှုမတူဘူး။ မတူကွဲပြားတဲ့ ယဉ်ကျေးမှုတွေကို လေ့လာချင်လို့လာကြတာ။ ယဉ်ကျေးမှုအမွေအနှစ်တွေကို တကယ့်မူရင်းအတိုင်း ပြသထားနိုင်ဖို့လိုတယ်" ဟု ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်ကပြောသည်။

မြန်မာနိုင်ငံသို့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလကုန်အထိ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှု ၄ ဒသမ ၂ သန်း ရှိကြောင်း၊ ၂၀၁၆ခုနှစ် မတ် ၃၁ ရက်အထိ အနည်းဆုံး ၅ သန်း ဝင်ရောက်ရန်ခန့်မှန်းထားကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။



# မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်မည်

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံဆရာဝန်အသင်း ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ရာ ရွေးချယ်ခံကိုယ်စားလှယ်ဆရာဝန်များအနေဖြင့် သတ်မှတ်ထားသောပုံစံနှင့် အရည်အချင်းသတ်မှတ်ချက်များအား မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)သို့ ဆက်သွယ်မေးမြန်း၍ပုံစံများ ထုတ်ယူနိုင်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❍ ရွှေဖုံးမှ

သဘာဝအလျောက် ငါးများဖမ်းဆီးရရှိရေးအတွက် မြစ်၊ ချောင်း၊ အင်းအိုင်များနှင့် လယ်ကွင်းများအတွင်း မျိုးစိုက်ထည့်သော်လည်း ပေါက်ပွားမှုနှုန်းနှင့် တိုးတက်လာသည့် လူဦးရေစားသောက်ရန်မှာ မမျှတသဖြင့် နိုင်ငံတကာမှာရော မြန်မာနိုင်ငံတွင်ပါ ငါးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံတော်က ရင်းနှီးမတည်ငွေ၊ နည်းပညာနှင့် လိုအပ်သည့် ပံ့ပိုးမှုများဖြင့် ငါးမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ငါးမွေးမြူရေးကဏ္ဍမှ ငါးသယံဇာတ ၇၄၂၅၉ ဒသမ ၁၇၀ ပက်ထရစ်တန် တင်ပို့ရောင်းချနိုင်ခဲ့မှုကြောင့် အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၉၆၇ သန်း ရရှိခဲ့ကြောင်း သိရပြီး ရေချိုငါးလုပ်ငန်းကဏ္ဍသည် နိုင်ငံတော်၏ ၇၀ ရာခိုင်နှုန်းရှိသည့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကကျလျက်ရှိကြောင်း၊ မြို့ပြနေလူဦးရေ သုံးသန်းခန့် ငါးလုပ်ငန်းတွင် တိုက်ရိုက်လုပ်ကိုင်လျက်ရှိပြီး လူဦးရေ ၁၂ သန်းမှ ၁၅ သန်းခန့်သည် ငါးလုပ်ငန်းနှင့်ဆက်စပ်ပြီး တစ်ဆင့်ခံ အကျိုးခံစားခွင့်ရရှိနေကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက မန္တလေးမြို့ ဆီဒိုနားဟိုတယ်တွင် ကျင်းပခဲ့သည့် ရေချိုငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ တာဝန်ပေးမှုအရ ရေချိုငါးမွေးမြူရေးလုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညှိနှိုင်းပြီး လိုအပ်သော အကူအညီများရယူကာ ပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၂၀ ရရှိအောင် ရည်မှန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၁)ကြိမ်မြောက်အစည်းအဝေးမှတ်တမ်းအရ သိရသည်။

ရေချိုငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုဖြစ်သည်။ ရေမြင့်ကြာတင့် ဆိုသကဲ့သို့ ကျေးလက်နေပြည်သူတို့၏ စားဝတ်နေရေးများကိုလည်း အဆင်ပြေစေမည်ဖြစ်သည်။ ရေချိုငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသားပေါက်မွေးမြူခြင်းများကို နိုင်ငံတစ်ဝန်း ငါးသားပေါက်စက်ရုံ ၆၂ ရုံ တည်ဆောက်ထားပြီး ငါးသားပေါက်သန်းပေါင်းများစွာ ငါးမွေးကန်များသို့ အဆက်မပြတ် မွေးမြူဖြန့်ဖြူးပေးလျက်ရှိသည်။

အချုပ်ဆိုရသော် ပင်လယ်နှင့် မြစ်၊ ချောင်း၊ အင်းအိုင်တို့မှ သဘာဝအလျောက် ငါးဖမ်းဆီးရရှိမှု ကျဆင်းလျက်ရှိရာ ရေချိုငါးမွေးမြူထုတ်လုပ်မှု တိုးတက်ရရှိရေးသည် ပြည်ပတင်ပို့နိုင်မှုနှင့် ပြည်တွင်းစားသုံးမှုတို့အတွက် အဓိကကျလျက်ရှိသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရေချိုငါးမွေးမြူရေးမှ အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကျော်ရရှိရေး ရည်မှန်းဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့များ၏ စီမံခန့်ခွဲမှု၊ NGO အဖွဲ့များ၏ ကူညီမှု၊ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့်အတူ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ အရင်းအနှီး၊ နည်းပညာ၊ စည်းမျဉ်းစည်းကမ်း၊ စေ့စပ်ညှိနှိုင်းမှုများနှင့်အညီ အချိတ်အဆက် မိမိ၊ ဟန်ချက်ညီညီ ဆောင်ရွက်သွားရန် လိုအပ်လှပါကြောင်း အကြံပြုရေးသားလိုက်ပါသည်။ **အောင်ဝင်း(ဖျာပုံ)**

### ❍ မြန်မာစပါးကြီးမြွေမှ

အဆိုပါပြိုင်ပွဲကို အာရှဒေသ၌ အကြီးမားဆုံးနှင့် အကျော်ကြားဆုံး Mixed Martial Arts အားကစားပွဲများကို စီစဉ်ကျင်းပပေးလျက်ရှိသော ONE Championship အဖွဲ့အစည်းနှင့် AGD Bank တို့ပူးပေါင်း၍ လာမည့် မတ် ၁၈ ရက်တွင် သုဝဏ္ဏမိုးလုံလေလုံ အားကာစားရုံအတွင်း ကျင်းပရန်စီစဉ်လျက်ရှိကြောင်း ဇန်နဝါရီ ၇ ရက်က ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

"MMA အားကစားပြိုင်ပွဲကြီးအနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၅ ဇွန်လအတွင်းကလည်း အားကစားဝန်ကြီးဌာန၊ မြန်မာ့လက်ဝှေ့အဖွဲ့ချုပ်တို့နဲ့ပူးပေါင်းပြီး ပထမဆုံးအကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။

"ဒုတိအကြိမ်ကျင်းပမယ့် ပြိုင်ပွဲကြီးမှာတော့ MMAရဲ့ ပါတနာအသစ်ဖြစ်တဲ့ AGD Bank ရဲ့ ပံ့ပိုးကူညီမှုနဲ့အတူ မြန်မာ့အားကစားလောကအတွက် အကြီးမားဆုံး အထောက်အကူဖြစ်လာနိုင်မယ့် ပြိုင်ပွဲကြီးကို ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ONE Championship ၏ CEO Victor Cui က ပြောသည်။

"AGD ဘဏ်အနေနဲ့လည်း အခုလို ONE Championship နိုင်ငံတကာပြိုင်ပွဲကြီးကို မြန်မာ့လက်ဝှေ့လောကနဲ့ မြန်မာ့အားကစားပရိသတ်တွေအတွက် မြန်မာနိုင်ငံအတွင်းမှာ ကျင်းပနိုင်ဖို့ ပူးပေါင်းဆောင်ရွက်ရခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူပါတယ်"ဟု AGD Bank ၏ Managing Director ဦးထူးထက်တေဇက ပြောသည်။ AGD ဘဏ်အနေဖြင့် မြန်မာ့ရိုးရာလက်ဝှေ့အားကစားပညာရပ်ကို ONE Championship ၏ အားကစားပြိုင်ပွဲများမှ တစ်ဆင့် ကမ္ဘာတစ်ဝန်းတွင် မြှင့်တင်နိုင်စေရန်ရည်ရွယ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

စင်ကာပူနိုင်ငံအခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်သည့် ONE Championship အဖွဲ့အစည်းသည် အာရှ၏ အတော်ဆုံးကစားသမားများသာမက ကမ္ဘာ့ချန်ပီယံများ၏ ပွဲစဉ်များကို ကမ္ဘာ့အကျော်ကြားဆုံး ရုပ်သံလိုင်းများတွင် မူပိုင်ပြသခွင့်ရရှိထားပြီး အာရှဈေးကွက်၏ ၉၀ ရာခိုင်နှုန်းခန့်ကို ရရှိပိုင်ဆိုင်ထားသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

MMA လောကတွင် မြန်မာ့စပါးကြီးမြွေဆိုသည့် နာမည်တစ်လုံးနဲ့အခိုင်အမာရပ်တည်နေသည့် မြန်မာပြည်ဖွား ကချင်တိုင်းရင်းသားအောင်လအန်ဆန်းသည် ကမ္ဘာ့အကျော်ကြားဆုံး အရည်အသွေးမြင့် အားကစားပြိုင်ပွဲပေါင်း ၂၅ ပွဲအထိ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ပြီးသူ ဖြစ်သည်။ သူသည် မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားတစ်ဦးအနေဖြင့် နိုင်ငံတကာအဆင့်မီ အားကစားစင်မြင့်ထက်၌ ကချင်တိုင်းရင်းသားကစားသမားတစ်ဦးအနေဖြင့် စိန်ခေါ်ယှဉ်ပြိုင်သွားလိုပြီး ကမ္ဘာ့အကောင်းဆုံး မြန်မာ့အားကစားသမားတစ်ဦး ဖြစ်လာနိုင်ရန် ရည်ရွယ်၍ မျှော်မှန်းကြိုးပမ်းလျက်ရှိသည်ဟု အဆိုပါ အခမ်းအနားတွင် ပြောသည်။

သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-သိမ့်ရွှေရည်

### ✻ အသင်းကြီးများမှ

ယှဉ်ပြိုင်မည့် ဟံသာဝတီအသင်းနှင့် ပွဲမတိုင်မီ အသင်းအပ်နှံပွဲပြုလုပ်သွားမည်ဖြစ်သည်။ MNL ကလပ်အသင်းများမှာ ရာသီသစ်အတွက် ပြင်ဆင်မှုများစွာ ပြုလုပ်ထားပြီး အသင်း ၁၂ အသင်းအနက် ၁၁ အသင်းမှာ နိုင်ငံခြားသားကစားသမားများ ခေါ်ယူထားပြီး Southern တစ်သင်းသာ ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ပွဲစဉ်(၁)တွင် အသင်းကြီးများဖြစ်သည့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းအပါအဝင် ရတနာပုံ၊ မကွေး၊ ရှမ်းယူနိုက်တက်၊ ဧရာဝတီ အသင်းများမှာ ပွဲကျပ်များကစားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ ပွဲဦးထွက်ပွဲကို အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း မကွေးအသင်းနှင့် တွေ့ဆုံနေသောကြောင့် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်းမှာ အိမ်ကွင်းအဖွင့်ပွဲကို ကစားပုံမာကျောသည့် ဟံသာဝတီအသင်းနှင့်ကစားရမည်ဖြစ်ရာ အားကုန်ထုတ်ရဖွယ်ရှိနေသည်။

**ရှိုင်းထက်ဇော်**

## ကက်ရှမီးယားပြည်နယ်၌ မီဘိုဘာမူဖတီ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရဖွယ်ရှိ

**နယူးဒေလီ ဇန်နဝါရီ ၇**

ဖခင်ဖြစ်သူ အသက် (၇၉) နှစ်အရွယ်ရှိ မူဖတီမိုဟမ္မက်ဆေယက် ကွယ်လွန်သွားပြီးနောက် သမီးဖြစ်သူ အာဏာရ ပြည်သူ့ဒီမိုကရက်တစ်ပါတီအကြီးအကဲ မီဘိုဘာမူဖတီက ဖခင်နေရာဆက်ခံရန် အသင့်ပြင်နေသောကြောင့် အိန္ဒိယနိုင်ငံထိန်းချုပ်ကက်ရှမီးယားပြည်နယ်၌ ပထမဆုံးသောအမျိုးသမီးပြည်နယ်ဝန်ကြီးချုပ်တစ်ဦး ရှိလာတော့မည်ဖြစ်သည်။

"ပြည်သူ့ဒီမိုကရက်တစ်ပါတီအနေနဲ့ မူဖတီဆာဟစ်ဘ် နေရာဆက်ခံဖို့ မီဘိုလာကို ကျွန်တော်တို့ တညီတညွတ်တည်းထောက်ခံပါတယ်" ဟု အကြီးတန်းပါတီခေါင်းဆောင် မူဇက်ဖာဟူစိန်က မီဒီယာများသို့ပြောကြားသည်။ ကက်ရှမီးယားတက္ကသိုလ်မှ ဥပဒေဘွဲ့ရတစ်ဦးဖြစ်ပြီး ကက်ရှမီးယားနိုင်ငံရေးနယ်ပယ်၌ ၁၅ နှစ်နီးပါးကြာအောင် ယခုအချိန်ထိ ထင်ရှားသူတစ်ဦးအဖြစ်ရှိနေခဲ့သူ မီဘိုလာမှာ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ကာလအတွင်း အမတ်နေရာအများစုအနိုင်ရရှိစေရန် ပါတီအားဦးဆောင်ခဲ့သူဖြစ်သည်။ ၁၉၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ပြည်သူ့ဒီမိုကရက်တစ်ပါတီအား ဖခင်ဖြစ်သူနှင့်အတူ ပျိုးထောင်နိုင်မှုကြောင့် အသိအမှတ်ပြုခံခဲ့ရသည်။

သို့သော်လည်း ပြည်နယ်ဝန်ကြီးချုပ်အဖြစ် မီဘိုလာအားခန့်အပ်ရန်မှာ ပြည်နယ်အစိုးရအဖွဲ့အတွင်း ပြည်သူ့ဒီမိုကရက်တစ်ပါတီ၏ မဟာမိတ်ပါတီတစ်ခုဖြစ်သည့် အိန္ဒိယအာဏာရပါတီဘီဂျေပီ၏ ထောက်ခံမှု လိုအပ်မည်ဖြစ်သည်။ အပြောအဆိုသိမ်မွေ့ ညင်သာသော မီဘိုလာအတွက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် လမ်းပွင့်သွားစေမည့် အတည်ပြုချက်ကို ဘီဂျေပီပါတီက ပေးဖွယ်မရှိကြောင်း၊ ပြီးခဲ့သည့် နှစ် (၆၀) အတွင်း ပါကစ္စတန်နိုင်ငံနှင့် အရေးပါသောစစ်ပွဲသုံးကြိမ်ထက်မနည်းဆင်နွှဲခဲ့သည့် အိန္ဒိယနိုင်ငံအတွက် ပြည်နယ်အတွင်း နိုင်ငံရေးမတည်ငြိမ်မှုဖြစ်လာဖွယ်ရှိကြောင်း သတင်းရပ်ကွက်များကဆိုသည်။

**ဆင်ဟွာ။**

# အငြင်းပွားကျွန်းပေါ်သို့ တရုတ်လေယာဉ်များဆင်းသက်မှု အမေရိကန်နှင့် ဗီယက်နမ်တို့ ဒေသတွင်းလုံခြုံရေး စိုးရိမ်မှုမြင့်တက်



တောင်တရုတ်ပင်လယ်ကျွန်းတုပေါ်သို့ တရုတ်အရပ်ဘက်လေယာဉ်နှစ်စင်း စမ်းသပ်ဆင်းသက်ပြီးနောက် တွေ့ရစဉ်။

ဝါရှင်တန် ဇန်နဝါရီ ၇

**တရုတ်နိုင်ငံက နယ်မြေအငြင်းပွားမှုဖြစ်ပွားနေသော တောင်တရုတ်ပင်လယ်အတွင်း တည်ဆောက်ထားသည့် ကျွန်းတုပေါ်သို့ လေယာဉ်နှစ်စင်း ယနေ့စမ်းသပ်ဆင်းသက်ခဲ့မှုနှင့်ပတ်သက်ပြီး အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့က ဒေသအတွင်း လုံခြုံရေးအတွက် စိုးရိမ်မှုများမြင့်တက်ခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် ပမ်းမ်ဘန်မင်းချ်တို့သည် အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး တယ်လီဖုန်းအပြန်အလှန် ပြောကြားခဲ့သည်။

ဇန်နဝါရီ ၇ ရက်တွင် တောင်တရုတ်ပင်လယ်အတွင်း တည်ဆောက်ထားသော ကျွန်းတုပေါ်သို့ တရုတ်အရပ်ဘက်လေယာဉ်နှစ်စင်း ဆင်းသက်ခဲ့ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ထိုသို့ ကျွန်းတုပေါ်သို့ အရပ်ဘက်လေယာဉ်များ အောင်မြင်စွာ ဆင်းသက်နိုင်ခြင်းသည် အရပ်ဘက်လေယာဉ်အကြီးစားများအတွက် ခံနိုင်ရည်ရှိမရှိကိုမူ သိရှိနိုင်သည်။

ယင်းသို့ တရုတ်နိုင်ငံ၏လေယာဉ်ဆင်းသက်မှု စမ်းသပ်ခြင်းသည် ဒေသအတွင်း တင်းမာမှုကိုပိုမိုမြင့်တက်စေသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဗီယက်နမ် ဒုတိယဝန်ကြီးချုပ်တို့က ဖုန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။

တရုတ်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်အတွင်း တည်ဆောက်ထားသော ကျွန်းတုကို စစ်ဆင်ရေးအတွက် အသုံးချရန်ရည်ရွယ်ထားခြင်းနှင့်ပတ်သက်ပြီး အမေရိကန် နိုင်ငံခြားရေးဝန်ကြီးနှင့် ဗီယက်နမ်ဒုတိယဝန်ကြီးချုပ်တို့က စိုးရိမ်ပူပန်လျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

ဒေသတွင်းလုံခြုံရေးအတွက် ရေကြောင်းစောင့်ကြည့်ရေးအဖွဲ့များ တိုးမြှင့်ချထားရေးတွင် အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ပြောသည်။

**အင်န်အိတ်ချ်ကေ။**

## ကော်စတာရီကာ၌ H1N1 တုပ်ကွေးရောဂါဖြင့် ၁၄ ဦး သေဆုံး

**ဆန်ဟိုဆေး ဇန်နဝါရီ ၇**

ကော်စတာရီကာနိုင်ငံ၌ H1N1တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် လွန်ခဲ့သည့်လအတွင်း ၁၄ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ဇန်နဝါရီ ၇ ရက်တွင် ပြောကြားကြသည်။

ကော်စတာရီကာ တက္ကသိုလ် ကျန်းမာရေးသုတေသနဌာနရှိ တုပ်ကွေးရောဂါဆိုင်ရာ ဓာတ်ခွဲခန်း၌ စမ်းသပ်စစ်ဆေး တွေ့ရှိချက်အရ တုပ်ကွေးရောဂါကြောင့် လူပေါင်း ၁၄ ဦး သေဆုံးသည်ဟု အတည်ပြုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီး ဖာနန်ဒိုလော်ကာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများ ခံစားခဲ့ရပြီးနောက် သေဆုံးသူ ငါးဦးကို ထပ်မံတွေ့ရှိရပြီး ၎င်းတို့အနေဖြင့် တုပ်ကွေးရောဂါကြောင့် သေဆုံးရခြင်းဟုတ်၊ မဟုတ် စစ်ဆေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကော်စတာရီကာနိုင်ငံ၌ တွေ့ရှိရသော တုပ်ကွေးဗိုင်းရပ်စ်ရောဂါမှာ ၂၀၀၉ ခုနှစ်တွင် တွေ့ရှိခဲ့ရသော ဗိုင်းရပ်စ်ရောဂါနှင့် တူညီသည်ဟု ဆိုသည်။

အများပြည်သူ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ထုတ်ပြန်ရလောက်သည်အထိ အခြေအနေဆိုးရွားခြင်းမရှိကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

**ရိုက်တာ။**

## လော့စ်အိန်ဂျလိစ် ဆင်ခြေဖုံး၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာ




**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၇**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်ရှိလော့စ်အိန်ဂျလိစ်မြို့၏ လူနေရပ်ကွက်အနီး၌ နှစ်လကျော်ကြာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှုဖြစ်ပွားခဲ့ပြီးနောက် ယင်းပြည်နယ် အုပ်ချုပ်ရေးမှူး ဂျယ်ရီဘရောင်းက ဇန်နဝါရီ ၆ ရက်တွင် ဒေသဆိုင်ရာ အရေးပေါ်အခြေအနေ ထုတ်ပြန်လိုက်သည်။ မြေအောက်သိုလှောင်ကန်မှ သဘာဝဓာတ်ငွေ့ယိုစိမ့်မှု အဆုံးသတ်စေရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ရန် ဂျယ်ရီဘရောင်းက တာဝန်ရှိသူများအား တိုက်တွန်းလိုက်သည်။

တောင်ပိုင်း ကာလီဖိုးနီးယား ဓာတ်ငွေ့ကုမ္ပဏီက လော့စ်အိန်ဂျလိစ်မြို့ဆင်ခြေဖုံး ပေါ်တာရန့်ချ်မြို့၌ တာဝန်ယူ လုပ်ဆောင်နေသည့် သဘာဝဓာတ်ငွေ့ထုတ်ယူရေးတွင်း၌ ယိုစိမ့်မှုဖြစ်ပွားခြင်းဖြစ်သည်။ အောက်တိုဘာလမှစ၍ မီသိန်းဓာတ်ငွေ့ယိုထွက်နေခဲ့ပြီး ပျက်စီးနေသည့် ပိုက်လိုင်းကို ပြင်ဆင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ဓာတ်ငွေ့ယိုစိမ့်မှုကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းယိုစိမ့်မှု ဖြစ်ပွားရာနေရာမှာ လော့စ်အိန်ဂျလိစ်မြို့ဆင်ခြေဖုံးရှိ လူဦးရေ ၃၀၀၀၀ ကျော်နေထိုင်ရာ ပေါ်တာရန့်ချ်မြို့တွင်ဖြစ်သည်။ ဒေသတွင်း၌ နေထိုင်သူများကို နေအိမ်များမှ ရွှေ့ပြောင်းစေခဲ့သည်။

ပြောင်းရွှေ့ပေးရသူများ နေထိုင်နိုင်ရန် ယာယီအဆောက်အအုံများ ရရှိရေးအတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်နေကြောင်း သတင်းတွင် ဖော်ပြသည်။

ဖေဖော်ဝါရီနှောင်းပိုင်း သို့မဟုတ် မတ်လနှောင်းပိုင်း ရောက်ချိန်တွင် အဆိုပါ ဓာတ်ငွေ့ယိုစိမ့်မှုကို ထိန်းချုပ်သွားနိုင်မည်ဟု မျှော်လင့်ရကြောင်း တောင်ကာလီဖိုးနီးယား ဓာတ်ငွေ့ကုမ္ပဏီ၏ ဌာနခွဲဖြစ်သည့် ဆမ်ပရာ ဓာတ်ငွေ့လုပ်ငန်းက ပြောကြားသည်။

**ဆင်ဟွာ။**

## အမေရိကန်မဟာဗျူဟာမြောက်လက်နက်များ တောင်ကိုရီးယား၌ ဖြန့်ကြက်ရေးဆွေးနွေး

**ဆိုးလ် ဇန်နဝါရီ ၇**

အမေရိကန်၏မဟာဗျူဟာမြောက်လက်နက်များ တောင်ကိုရီးယား၌ ဖြန့်ကြက်ရေးအတွက် နှစ်နိုင်ငံ ဆွေးနွေးမှုပြုလုပ်လျက်ရှိကြောင်း တောင်ကိုရီးယားစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၇ ရက်တွင် ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက ဟိုက်ဒရိုဂျင်ဗုံးတစ်လုံးကို အောင်မြင်စွာ စမ်းသပ်ခဲ့ပြီးနောက် တစ်ရက်အကြာတွင် တောင်ကိုရီးယားနှင့် အမေရိကန်တို့က ဆီးရီးယားကျွန်းဆွယ်၌ မဟာဗျူဟာမြောက် လက်နက်များ ဖြန့်ကြက်ရေးကိစ္စကို ဆွေးနွေးနေခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

မြောက်ကိုရီးယားကမြေအောက်ဖောက်ခွဲမှုပြုလုပ်ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံမှာ ဒေါသအမျက်ထွက်ခဲ့ရသည်ဆို၏။ မြောက်ကိုရီးယားနိုင်ငံသည် တရုတ်၏မဟာမိတ်နိုင်ငံဖြစ်လင့်ကစား ကြိုတင်အသိပေးမှု မပြုလုပ်ဘဲ ဟိုက်ဒရိုဂျင်ဗုံး စမ်းသပ်ဖောက်ခွဲခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်မှုကြောင့် ဂျပန်နိုင်ငံမှာလည်း စိုးရိမ်ပူပန်မှုဖြစ်ပေါ်ခဲ့ရသည်။ မြောက်ကိုရီးယား နျူကလီးယားစမ်းသပ်မှုကို ကမ္ဘာ့နိုင်ငံများက တညီတညွတ်တည်း တုံ့ပြန်ရန် လိုအပ်မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က အမေရိကန်သမ္မတဘာရက်အိုဘားမားနှင့် တယ်လီဖုန်းဆက်ဆွေးနွေးရာတွင် ပြောကြားခဲ့သည်ဟု ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။ မြောက်ကိုရီးယားနိုင်ငံ၏ ဟိုက်ဒရိုဂျင်ဗုံး အောင်မြင်စွာစမ်းသပ်ပြီးနောက် ဂျပန်နိုင်ငံ၏ နျူကလီးယားဗုံးဒဏ်ခံခဲ့ရသော ဟီရိုရှီးမားမြို့တွင် ပြည်သူများက ကမ္ဘာ့အဝန်း နျူကလီးယားဗုံးတားဆီးကာကွယ်ရေး ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

မြောက်ကိုရီးယား၏နျူကလီးယားစမ်းသပ်မှုကိစ္စနှင့် ပတ်သက်၍ သမ္မတအိုဘားမားက တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးအား တယ်လီဖုန်းဆက်သွယ်ကာ ဆွေးနွေးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ရိုက်တာ။**



# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု တရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာတွင် တရားစီရင်ရေးဆိုင်ရာ အဓိက ရည်မှန်းချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး၊ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး၊ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေးဟူသည့် တရားစီရင်ရေးလုပ်ငန်းတာဝန်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့ပြင် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၌ တရားရုံးများတွင် သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်နှင့် ပြည်သူလူထုမှ တိကျသေချာသည့် သတင်းမှန်များသိရှိနိုင်ရန် အဆင့်ဆင့်သော တရားရုံးများတွင် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများမှတစ်ဆင့် သတင်းမီဒီယာများ၊ ပြည်သူလူထုနှင့် ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သို့မှသာ တရားစီရင်ရေးတွင် ပြည်သူအများ ယုံကြည်ကိုးစား၍ ပူးပေါင်းပါဝင်လာသည်နှင့် အမျှ ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ဖြစ်ထွန်းအောင်မြင်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့ပြင် မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှာ ပြစ်မှုဆိုင်ရာ အမှုပေါင်း ၁၆၇၅ မှု လက်ခံရရှိပြီး ၁၂၆၉ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၄၀၆ မှု ကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၃၁၉၃ မှု လက်ခံရရှိပြီး ၂၀၇၂ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၁၂၁ မှု ကျန်ရှိကြောင်း၊ ထို့ပြင် စာချွန်တော်လျှောက်ထားမှု ၂၆၈ မှု လက်ခံရရှိပြီး ၂၂၀ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၄၈ မှု ကျန်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များမှာ ပြစ်မှုဆိုင်ရာ အမှုပေါင်း ၉၀၃၈ မှု လက်ခံရရှိပြီး ၆၃၉၈ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၆၄၀ မှု ကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၇၁၇၇ မှု လက်ခံရရှိပြီး ၄၄၂၀ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၇၅၇ မှုကျန်ရှိကြောင်း၊ ခရိုင်တရားရုံးများမှာ ပြစ်မှုဆိုင်ရာအမှုပေါင်း ၁၇၆၄၇ မှု လက်ခံရရှိပြီး ၁၄၁၅၈ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၃၄၈၉ မှု ကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၂၁၃၃၁ မှုလက်ခံရရှိပြီး ၁၀၉၆၅ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၀၃၆၆ မှုကျန်ရှိကြောင်း၊ မြို့နယ်တရားရုံးများမှာ ပြစ်မှုဆိုင်ရာ အမှုပေါင်း ၃၄၉၈၁၉ မှုလက်ခံရရှိပြီး ၃၁၅၉၈၈ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၃၃၈၃၁ မှုကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၃၉၅၉၇ မှု လက်ခံရရှိပြီး ၂၃၀၃၉ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၆၅၅၈ မှုကျန်ရှိကြောင်း၊ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် ကလေးသူငယ်တရားရုံး (ရန်ကုန်နှင့် မန္တလေး)မှာ ကလေးသူငယ် ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၄၂၁ မှု လက်ခံရရှိပြီး ၃၉၉ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၂ မှု ကျန်ရှိကြောင်း၊ စည်ပင်သာယာတရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့မှာ စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၆၂၄၅၁ မှု လက်ခံရရှိပြီး ၆၁၈၄၄ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၆၀၇ မှု ကျန်ရှိကြောင်း၊ မော်တော်ယာဉ်တရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၃၀၈၈၇၃ မှုကို စစ်ဆေး စီရင်ခဲ့ကြောင်း၊ ထို့ကြောင့် အမှုများ စစ်ဆေးစီရင်ရာ၌ မကြန့်ကြာသင့်ဘဲ မကြန့်ကြာစေရန်နှင့် ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်သည့် တရားစီရင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စု တရားစီရင်ရေး ကြီးကြပ်မှုရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ တက်ရောက်ကြသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဇန်နဝါရီ ၇**

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်အား စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးအောင်သန်းဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာဒေါ်ဝါဝါမောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု<br>ဝန်ကြီးဌာန |
| (ဂ) ဦးတင်မောင်ကြည်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ<br>မော်ကွန်းတိုက်ဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ<br>မော်ကွန်းတိုက်ဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု<br>ဝန်ကြီးဌာန |

# မော်တော်ယာဉ်များတင်သွင်းခြင်းအတွက် ထုတ်လုပ်သည့်ခုနှစ်ပြင်ဆင်သတ်မှတ်

**နေပြည်တော် ဇန်နဝါရီ ၇**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၁၆ ခုနှစ်အတွက် မော်တော်ယာဉ်များတင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ခြင်းအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄၉/၂၀၁၅) ဖြင့် ထုတ်ပြန်ထားရှိခဲ့သည်။

အဆိုပါ အမိန့်ထုတ်ပြန်ထားရှိမှုနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ ၂၀၁၆ ခုနှစ်အတွက် မော်တော်ယာဉ်များ တင်သွင်းခြင်းဆိုင်ရာ ထုတ်လုပ်မှုခုနှစ် သတ်မှတ်ခြင်းကို အများပြည်သူအကျိုးငှာ ပြင်ဆင်ဖြေလျှော့ရန် ဆုံးဖြတ်ခဲ့ပြီး အောက်ပါအတိုင်း ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါသည် -

**(က) ယာဉ်အိုယာဉ်ဟောင်း အစားထိုးယာဉ်လျှောက်ထားမှု (Consignment စနစ်)အပါအဝင်**

| စဉ် | မော်တော်ယာဉ်အမျိုးအစား | ထုတ်လုပ်သည့်ခုနှစ် | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | လူစီးမော်တော်ယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၀ ခုနှစ် |
| ၂ | ၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၃ | ကုန်တင်ယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၀ ခုနှစ် |
| ၄ | ခရီးသည်တင်ယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၀ ခုနှစ် |

**(ခ) နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသော လူပုဂ္ဂိုလ်တစ်ဦးချင်း၊ ပို့ကုန်/သွင်းကုန်ကုမ္ပဏီများ၊ နိုင်ငံခြားရေးဝန်ထမ်းများ၊ သင်္ဘောသားများ၊ ပြည်ပအလုပ်သမားများ၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်သံဝန်ထမ်းများ၊ ဟိုတယ်/ခရီးလုပ်ငန်းရှင်များ မော်တော်ယာဉ်လျှောက်ထားမှု**

| စဉ် | မော်တော်ယာဉ်အမျိုးအစား | ထုတ်လုပ်သည့်ခုနှစ် | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | လူစီးမော်တော်ယာဉ်များ | ၂၀၁၁ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၂ | ၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များ | ၂၀၁၁ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၃ | ကုန်တင်ယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၄ | ခရီးသည်တင်ယာဉ်များ(Express) (ဘယ်မောင်း) | ၂၀၁၁ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၅ | ခရီးသည်တင်ယာဉ်များ၊ မြို့တွင်းပြေးဆွဲယာဉ်များ(Mini Bus / City Bus) (ဘယ်မောင်း) | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |

**(ဂ) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ထောက်ခံချက်ဖြင့် Taxi လျှောက်ထားမှု**

| စဉ် | မော်တော်ယာဉ်အမျိုးအစား | ထုတ်လုပ်သည့်ခုနှစ် | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | လူစီးမော်တော်ယာဉ်များ | ၂၀၁၁ ခုနှစ် | ၂၀၁၆ ခုနှစ် |

**(ဃ) ပုံမှန်လိုင်စင်ဖြင့် မော်တော်ယာဉ်လျှောက်ထားမှု (FOC စနစ်ဖြင့် ပြည်ပမှလှူဒါန်းသည့် မော်တော်ယာဉ်ပါမစ်လျှောက်ထားမှု)**

| စဉ် | မော်တော်ယာဉ်အမျိုးအစား | ထုတ်လုပ်သည့်ခုနှစ် | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | လူစီးမော်တော်ယာဉ်များ | ၂၀၁၁ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၂ | လုပ်ငန်းသုံးယန္တရားများ | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၃ | မီးသတ်ယာဉ် | ၂၀၀၀ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၄ | လူနာတင်ယာဉ် | ၂၀၀၀ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၅ | နိဗ္ဗာန်ယာဉ် | ၂၀၀၀ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၆ | သာသနာရေးဆိုင်ရာယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၇ | ခရီးသည်တင်ယာဉ်များ (Express) (ဘယ်မောင်း) | ၂၀၁၁ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၈ | ခရီးသည်တင်ယာဉ်များ၊ မြို့တွင်းပြေးဆွဲယာဉ်များ(Mini Bus / City Bus) (ဘယ်မောင်း) | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |

(မှတ်ချက်။ နိုင်ငံတော်အတွက် လှူဒါန်းသည့် မီးသတ်ကားနှင့် လူနာတင်ယာဉ်များ လျှောက်ထားရာတွင် Model Year လျှော့ပေါ့လျှောက်ထားပါက ဆောင်ရွက်ပေးမည်။)

**(င) အစိုးရဌာနများမှ မော်တော်ယာဉ်လျှောက်ထားမှု**

| စဉ် | မော်တော်ယာဉ်အမျိုးအစား | ထုတ်လုပ်သည့်ခုနှစ် | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | လူစီးမော်တော်ယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၂ | လုပ်ငန်းသုံးယာဉ်/ခရီးသည်တင်ယာဉ်/ကုန်တင်ယာဉ်/ယန္တရားများ | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |

ထို့အပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရောက်ရှိခုနှစ်နှင့် ရောက်ရှိခုနှစ်အောက် တစ်နှစ်နိမ့် မော်ဒယ် (Brand New) မော်တော်ယာဉ်များ တင်သွင်းပါက ဘယ်မောင်းသာ တင်သွင်းကြရန်နှင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ခွင့်ပြုခဲ့သည့် အရောင်းစင်တာ၊ အရောင်းပြခန်းများမှ သွင်းကုန်လိုင်စင်များကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်အထိ မှတ်ပုံတင်ခွင့်ပြုပေးမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

ooo

# ရှင်ပြုအလှူပွဲများပေါ်များသည့်အတွက် မြင်းပိုင်ရှင်များ အငှားလိုက်နေရ၍ အလုပ်ဖြစ်နေ

**ငါ့သရောက် ဇန်နဝါရီ ၇**။ ။ ကျေးလက်နေပြည်သူများ တောင်သူလုပ်ငန်းသိမ်းဆည်းပြီးချိန်များ၌ တောင်သူသီးနှံစာဖြင့် မိမိတို့၏ သားသမီးငယ်များကို ကျေးလက်ဓလေ့စရိုက်များနှင့်အညီ နှစ်စဉ် ရှင်ပြုနားသအလှူပွဲများ ကုသိုလ်ပြုလှူဒါန်းကြလေ့ရှိရာ ယခုနှစ်တွင် ငါ့သရောက်မြို့နယ်၌ ရှင်ပြုအလှူပွဲများပေါ်များနေခြင်းကြောင့် မြို့နယ်အတွင်းရှိ မြင်းမွေးမြူထားရှိသူများအတွက် နေ့စားအငှားလိုက်နေရပြီး ဝင်ငွေရရှိနေ၍ အဆင်ပြေနေကြကြောင်း ငါ့သရောက်မြို့နယ်အတွင်းရှိ မြင်းမွေးမြူသူများထံမှ သိရသည်။

ငါ့သရောက်မြို့နယ် ကျေးလက်ဒေသရွာများတွင် ရှင်ပြုနားသအလှူပွဲများကို နတ်တော်လမှစတင်ကာ တပေါင်း၊ တန်ခူးအထိ လအလိုက် နေ့ကောင်း၊ ရက်မြတ်များ ရွေးချယ်ပြီး ကျေးလက်နေပြည်သူများက ဆိုင်း၊ ဘိသိက်၊ အငြိမ့်မင်းသမီးများငှားရမ်း၍ အကြီးအကျယ် လှူဒါန်းကျင်းပကြလေ့ရှိကြောင်းလည်း သိရသည်။ ယခုအချိန်သည် ငါ့သရောက်မြို့နယ် ကျေးရွာအချို့တွင် အဆိုပါရှင်ပြုအလှူမင်္ဂလာဧည့်ခံပွဲများ စတင်ကျင်းပနေပြီဖြစ်ရာ မြို့နယ်အတွင်းမှ မြင်းမွေးမြူထားရှိသည့် မြင်းပိုင်ရှင်များအတွက် အလှူပွဲများပြုလုပ်သည့် ကျေးရွာများသို့သွားရောက်ပြီး နေ့စားမြင်းအငှားလိုက်နေရခြင်းကြောင့် ဝင်ငွေပုံမှန်ရရှိကာစီးပွားရေးအဆင်ပြေနေကြကြောင်း သိရသည်။ ငါ့သရောက်မြို့နယ်၌ အလှူမင်္ဂလာပွဲများတွင် မောင်ရင်လောင်းများစီးရန်အတွက် မြင်းတစ်ကောင်ငှားရမ်းမည်ဆိုပါကငှားရမ်းခငွေကျပ် ၉၀၀၀ မှ ၁၀၀၀၀ ခန့်အထိ ငှားရမ်းအသုံးပြုနေရကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သေမင်းတမန်ရထားလမ်းနှင့် မြန်မာ့သွေးချွေးမှတ်တမ်း

**မောင်တင်ထွန်း (သူ့ရဲကောင်းမှတ်တမ်းဝင်)**

ဒုတိယကမ္ဘာစစ်အတွင်း ထိုင်း-မြန်မာနယ်စပ်တွင် ဂျပန်တို့ဖောက်လုပ်ခဲ့သည့် မီးရထားလမ်းကို "သေမင်းတမန် မီးရထားလမ်း"ဟု လူသိများခဲ့သည်။ သေမင်းတမန် မီးရထားလမ်းဟု ပြောလိုက်သည်နှင့် တစ်ကမ္ဘာလုံးက သိရှိပြီးဖြစ်သည်၊ အမှတ်ရကြသည်။ အဘယ်ကြောင့်ဆိုသော် ဗြိတိသျှမဟာမိတ်စစ်သုံ့ပန်း (ဗြိတိသျှ-သြစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ) အင်အားသုံးသောင်းကျော်အား အဓမ္မစေခိုင်းခဲ့သော ဖြစ်ရပ်ကြောင့်ဖြစ်သည်။

ဗြိတိသျှနှင့်ဗြိတိသျှမျိုးနွယ်ဖွားတို့သည် မှတ်တမ်းမှတ်ရာရေးသားခြင်း၊ မှတ်တမ်းတင်ခြင်း၊ အတွေ့အကြုံစာအုပ်များထုတ်ဝေခြင်းတို့ကို ဝါသနာပါသူများဖြစ်ကြသည်။ စစ်သုံ့ပန်းအဖြစ် အဖမ်းခံရပြီး မီးရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းတွင် အဓမ္မစေခိုင်းမှုဖြင့် လုပ်ကိုင်ခဲ့ရာတွင် အသက်မသေမပျောက်ဘဲ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ပြန်လည်လွတ်မြောက်လာခဲ့ကြသူများသည် ဘဝအတွေ့အကြုံများကို စာအုပ်စာတမ်းများရေးသားထုတ်ဝေခဲ့ကြသည်။

ထို့ပြင် ဗီဒီယို၊ ရုပ်ရှင်ဇာတ်လမ်း တန်ဆာဆင်လျက် ပြသခဲ့ရာ ထိုင်း-မြန်မာနယ်စပ် သေမင်းတမန်ရထားလမ်းဖောက်လုပ်ရေးကိစ္စမှာ ကမ္ဘာကျော်သွားခဲ့သည်။ ယခုအချိန်ထိ ကမ္ဘာအရပ်ရပ်မှ စိတ်ဝင်စားလျက်ရှိကြသည်။

ဤသည်မှာ မဟာမိတ်ဗြိတိသျှစစ်သုံ့ပန်းတို့၏ ဘဝကြမ္မာဆိုးကို သိရှိကြရလျှင် စိတ်မကောင်းဖြစ်ကြသဖြင့် တစ်ကမ္ဘာလုံးက စိတ်ဝင်စားခဲ့ကြသော်လည်း မဟာမိတ်စစ်သုံ့ပန်းများနှင့်အတူ ယှဉ်တွဲအလုပ်လုပ်ရသော


ဓာတ်ပုံ-ဆုနှင်းလဲ့



"မြန်မာ့ချွေးတပ်"အကြောင်း လူသိနည်းသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ ဤသည်မှာ မြန်မာလူမျိုးတို့သည် မှတ်တမ်းမှတ်ရာများ ထားရှိရေးသားထုတ်ဝေမှုအလေ့အထနည်းပါးခြင်းမှာလည်း အချက်တစ်ချက်ဖြစ်သည်။

အကယ်၍ သေမင်းတမန်ရထားလမ်းဖောက်လုပ်ရေးမှ အသက်မသေဘဲ မိမိနေရပ်သို့ ပြန်လည်ရောက်ရှိသည့် ချွေးတပ်သားများ၏ ဘဝဖြစ်စဉ်များကို စာပေအဖြစ် ရေးသားထုတ်ဝေနိုင်မည်ဆိုပါက များစွာစိတ်ဝင်စားဖွယ်နှင့် ရင်နာဖွယ်ဖြစ်ရပ်များသိရှိရမည်ဖြစ်ပေသည်။ သို့သော် ယခုအချိန်လောက်တွင် ဤချွေးတပ်ထဲပါဝင်သွားကြသူများ သက်ရှိထင်ရှား ကျန်ရှိတော့မည်မထင်ပါ။

မြန်မာပြည်သိမ်း ဂျပန်အမှတ်(၁၅)တပ်မတော်သည် မီးရထားလမ်းများကို မဟာမိတ်တို့က နေ့စဉ်ပုံးကြဲဖျက်ဆီးနေသည့်ကြားက မဖြစ်မနေပြုပြင်ခဲ့ကြရသည်။ ၁၉၄၂ ခုနှစ် မေလတွင် ပြည်တွင်းမီးရထားလမ်းအချို့ စတင်အသုံးပြုနိုင်ခဲ့သည်။

ထိုစဉ် ၁၉၄၂ ခုနှစ်က မြန်မာနိုင်ငံရှိ ဂျပန်အမှတ်(၁၅) တပ်မတော်၏ စစ်အင်အားမှာ တပ်မ(၄)ခုကျော်သာရှိသည်။ အကယ်၍ မဟာမိတ်တပ်များ ထိုးစစ်ဆင်လာပါက ပြန်လည်ခုခံရန် များစွာခက်ခဲမည်ဖြစ်သည်။ ထို့ကြောင့် စစ်အင်အား မဖြစ်မနေထပ်မံဖြည့်တင်းရန် အရေးတကြီး လိုအပ်လျက်ရှိသည်။

ထိုအချိန် ပင်လယ်ရေကြောင်းမှ တပ်များပို့လွှတ်ရန်ကိစ္စမှာလည်း မဟာမိတ်တို့က လေကြောင်းစိုးမိုးထားခြင်း၊ ရေမြှုပ်မိုင်းများထောင်ထားခြင်းကြောင့် ပင်လယ်ရေကြောင်းမှ တပ်အင်အားဖြည့်တင်းရေးမှာ များစွာအန္တရာယ်ကြီးမားလှပေသည်။ ထို့ကြောင့် ဂျပန်စစ်ဌာနချုပ်သည် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ မီးရထားလမ်း မဖြစ်မနေအရေးတကြီးဖောက်လုပ်ရန် လိုအပ်ကြောင်းဆုံးဖြတ်ပြီး အောက်ပါအချက်များပါဝင်သော "မီးရထားလမ်းဖောက်လုပ်ရေးလမ်းညွှန်ချက်"ကို ထုတ်ပြန်ခဲ့သည်။

ယိုးဒယားနိုင်ငံ ဗန်ကောက်မြို့မှ စတင်ထွက်ခွာ၍ ယိုးဒယား-မြန်မာနယ်စပ်တွင် ဘုရားသုံးဆူတောင်ကြားမှ တစ်ဆင့် မြန်မာနိုင်ငံ သံဖြူဇရပ်မြို့အထိ ကီလိုမီတာပေါင်း ၄၀၀ ခန့်ရှည်လျားသောလမ်း။ တစ်နိုင်ငံမှတစ်နိုင်ငံသို့ တစ်နေ့လျှင် ကုန်တန်ချိန်ပေါင်း ၃၀၀၀၊ ၁၉၄၃ ခုနှစ် ကုန်ဆုံးသည့်နေ့ကို နောက်ဆုံးထား၍ ဖောက်လုပ်ပြီးစီးစေရမည်။ မီးရထားဦးစီးဌာနတစ်ခု၊ မီးရထားတပ်မဟာနှစ်ခု၊ မီးရထားစက်ကိရိယာပစ္စည်းရုံးတစ်ရုံး၊တိုင်းရင်းသားလုပ်သားများနှင့် စစ်သုံ့ပန်းများ။

စစ်ရေးအခြေအနေအရ မဟာမိတ်တို့၏လေတပ်ပိုမိုလှုပ်ရှားလာခြင်း၊ ပင်လယ်ပြင်တွင် ရေတပ်တိုက်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများလှုပ်ရှားနေခြင်းကြောင့် မီးရထားလမ်း အမြန်ပြီးစီးရန် ဂျပန်စစ်ဌာနချုပ်က လိုလားလျက်ရှိသည်။ ထို့ကြောင့် မီးရထားလမ်းဖောက်လုပ်ရေးကိစ္စ သတ်မှတ်ရက်ထက် လေးလစောပြီးစီးရန် ထပ်မံညွှန်ကြားလိုက်သည်။ မူလသတ်မှတ်ရက်မှာ ၁၉၄၃ ခုနှစ် ဒီဇင်ဘာလကုန်ရက်ဖြစ်သည်။ မီးရထားလမ်းဖောက်လုပ်ရန်အတွက် စစ်သုံ့ပန်းများမှာ ဂျပန်တပ်၏ တင်းကျပ်သောကွပ်ကဲမှုအောက်တွင်ရှိသည်။ မြန်မာတိုင်းရင်းသားချွေးတပ်သားများကိုလည်း မဖြစ်မနေအတင်းအကြပ်စုဆောင်းနေရသည်။

ပထမအနေဖြင့် ချွေးတပ်စုဆောင်းရရှိမှုမှာ တစ်သောင်းမှသုံးသောင်းအထိရရှိလာသည်။ သို့သော်လည်း ပင်ပန်း၊ ငတ်မွတ်၊ ဖျားနာ၊ သေကျေမှုနှင့်ထွက်ပြေးမှုများကြောင့် ချွေးတပ်သားများလျော့နည်းသွားရာ ဂျပန်စစ်ဌာနချုပ်သည် ချွေးတပ်သားအသစ်ထပ်မံရရှိရေး စီစဉ်ရသည်။

ဂျပန်စစ်ဌာနချုပ်၏အမိန့်အရ မြန်မာအစိုးရဝန်ကြီးချုပ်ကိုယ်တိုင်ဦးစီးပြီး အလုပ်သမားစုဆောင်းရေးကိစ္စ အရေးတကြီးဆောင်ရွက်ခဲ့ရသည်။ ခရိုင်အလိုက်ချွေးတပ်သားများ စုဆောင်းခဲ့ရာ ထားဝယ်၊ မြိတ်၊ မော်လမြိုင်၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ သထုံ၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ အင်းစိန်၊ ရန်ကုန်၊ ဟံသာဝတီ၊ ဖျာပုံ၊ ပြည်၊ ရေနံချောင်း၊ မိတ္ထီလာ၊ မြင်းခြံ၊ မန္တလေး၊ စစ်ကိုင်း၊ မအူပင်၊ ကျောက်ဆည်၊ မင်းဘူး၊ ပခုက္ကူ၊ သရက်၊ သာယာဝတီ၊ မုံရွာ၊ ရွှေဘို၊ ကသာမြို့များမှ ပထမအကြိမ်တွင် ၃၂၂၀၄ ဦး၊ ဒုတိယအကြိမ်တွင် ၁၇၆၁၅ ဦးနှင့် တတိယအကြိမ်တွင် ၂၁၀၆၉ ဦး စုဆောင်းခဲ့သည်။

ဂျပန်အမှတ်(၁၅)တပ်မတော်သည် စစ်သုံ့ပန်း များ၊ မြန်မာချွေးတပ်သားများကို အတင်းအကြပ်ခိုင်းစေပြီး ခရီးအကွာအဝေး ၄၁၄ ဒသမ ၉ ကီလိုမီတာ အကွာအဝေးရှိ ယိုးဒယား-မြန်မာ (ထိုင်း-မြန်မာ) သေမင်းတမန် မီးရထားလမ်းကြီးကို ၁၉၄၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ပင်ပန်းဆင်းရဲခြင်း၊ ငတ်ပြတ်၍ အာဟာရချို့တဲ့ခြင်း၊ ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မတော်တဆထိခိုက်မှု ဖြစ်ခြင်းတို့ကြောင့် မဟာမိတ်စစ်သုံ့ပန်းများနှင့်မြန်မာချွေးတပ်သားများ မြောက်မြားစွာ သေကျေခဲ့ကြရသည်။

မြန်မာချွေးတပ်သားများ မည်မျှ မိမိနေရပ်သို့ သက်ရှိထင်ရှား ပြန်လည်ရောက်ရှိလာကြောင်း မည်သည့်မှတ်တမ်းစာရင်းဇယားမှ မရှိခဲ့ပါ။ ဤယိုးဒယား-မြန်မာ(ထိုင်း-မြန်မာ)သေမင်းတမန်မီးရထားလမ်းဖောက်လုပ်ရေးတွင် မဟာမိတ်စစ်သုံ့ပန်းများနည်းတူ မြန်မာချွေးတပ်သားများ မြောက်မြားစွာ အသက်သွေးချွေးပေးခဲ့ရပါကြောင်း မှတ်တမ်းပြုစုဖော်ပြလိုက်ပါသည်။ ။

## ပန်းချီလွင်လွင်ကျော်၏ တစ်ကိုယ်တော်ပန်းချီပြပွဲ မန္တလေးတောင်ခြေပန်းချီပြခန်းတွင် ပြသမည်

**မန္တလေး ဇန်နဝါရီ ၇**

ပန်းချီဆရာ လွင်လွင်ကျော်၏ တစ်ကိုယ်တော်ပန်းချီပြပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေပန်းချီပြခန်း (Mandalay Hill Art Gallery) တွင် ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ပြသသွားမည်ဖြစ်ပြီး ပန်းချီပြပွဲဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆရာလွင်လွင်ကျော်သည် ယခင်က (Group show)စုပေါင်းပန်းချီပြပွဲများတွင်လည်း ပါဝင်ပြသခဲ့သူဖြစ်ပြီး ၂၀၁၄ ခုနှစ်က ပထမအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပနိုင်ခဲ့ပြီး ယခု ၂၀၁၆ တွင် ဒုတိယအကြိမ် တစ်ကိုယ်တော်ပြပွဲ ကျင်းပနိုင်ခြင်းဖြစ်သည်။ ယခုပြပွဲတွင် ရေဆေးပန်းချီကား ၆၀ ပြသမည်ဖြစ်သည်။

ဆရာလွင်လွင်ကျော်သည် ပန်းချီ၊ ပန်းပုကျောင်းနှင့် ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းဆင်းဖြစ်ပြီး လူငယ်ပီပီဆန်းသစ်သည့် ရေးဆွဲမှုများဖြင့် ပန်းချီရသပေးစွမ်းနိုင်စေသည့် ပြပွဲတစ်ခုဖြစ်သည်။ ယခုပြပွဲသည် ဆရာလွင်လွင်ကျော်၏ (၃၁)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် သူ၏မိခင်အား အမှတ်တရဖြစ်စေချင်သည့်ရည်ရွယ်ချက်ဖြင့် ရေးဆွဲပြသ၍ ပြပွဲကျင်းပခြင်းဖြစ်သည်ဟု ဆရာလွင်လွင်ကျော်က ပြောသည်။

အနုပညာကို ချစ်မြတ်နိုးသူ၊ လေ့လာလိုသူများနှင့် စိတ်ပါဝင်စားသူတိုင်း မည်သူမဆိုလာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို ဇန်နဝါရီ ၁၂ ရက် အပြီးရွေးချယ်မည်

**မောက်မယ် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ဇန်နဝါရီ ၁ ရက်နေ့မှစ၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို ဇန်နဝါရီ ၁၂ ရက်တွင် အပြီးသတ်ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် ဆယ်အိမ်စုမှူးများ စတင်ရွေးချယ်ပြီး သက်ဆိုင်ရာ ရပ်/ကျေး ရပ်မိရပ်ဖများ၏ ရှေ့မှောက်တွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများတွင်ရှိရမည့် အရည်အချင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်ကိုက်ညီအောင် မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာဖြင့် သတ်မှတ်ထားသောနေ့အပြီး ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ မောက်မယ်မြို့နယ်တွင် ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ရှစ်အုပ်စု ကျေးရွာပေါင်း ၁၀၂ ရွာရှိကြောင်း သိရသည်။

**(စိုင်းမျိုးသန့်)**

◆◆

## ချောင်းဦးမြို့နယ်ထွက် ငရုတ်သီးစိမ်းဈေး ပြန်လည်ကျဆင်း

**မုံရွာ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်ချောင်းဦးမြို့နယ်အတွင်း နှစ်စဉ်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး လက်ရှိအချိန်တွင် စိုက်ပျိုးရောင်းချလျက်ရှိသည့် ငရုတ်သီးစိမ်းများ ဈေးကွက်တွင် ဈေးနှုန်း ပြန်လည်ကျဆင်းလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ငရုတ်စိုက်ရာသီမှာတော့ အစိမ်းသီးဈေးမကောင်းရင် အခြောက် ဈေးကောင်းကို မျှော်လို့ရတဲ့ ငရုတ်သီးနှံကို အစိုက်များတယ်။ များသလောက်လည်း ဈေးကောင်းရခဲ့တယ်။ ဒီနှစ်က အမြင့်ဆုံး တစ်ပိဿာကို ငွေကျပ် ၁၆၀၀ အထိတက်ခဲ့တယ်။ ဈေးက ပြန်ကျတော့လည်း ထက်ဝက်နှုန်းလောက်ကျတယ်။ အခုလက်ရှိ မောင်တိန်းအစိမ်းသီး တစ်ပိဿာကို ငွေကျပ် ၈၀၀၊ သာမို ၁၁ တစ်ပိဿာကို ငွေကျပ် ၉၀၀ ဈေးပေါက်တယ်။ အောက်ဆွဲသီး (ဒေသမျိုး)က တစ်ပိဿာကို ငွေကျပ် ၆၀၀ အထိပေါက်တယ်။ အခုလောလောဆယ် ဒီဈေးနှုန်း အတိုင်းငြိမ်နေတယ်။ အခုအချိန်က မြန်မာပြည်အောက်ပိုင်းဘက်ကဝင်တဲ့(ရေလမ်းသီး) ငရုတ်သီးစိမ်းတွေ တအားများတဲ့အတွက် ဈေးကျတာပါတယ်"ဟု ငရုတ်သီးစိမ်းစိုက်ပျိုးရောင်းချမှုအခြေအနေနှင့် ပတ်သက်ပြီး ချောင်းဦးမြို့နယ် မင်းတည်ကျေးရွာမှ ငရုတ်သီးသီးနှံကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ရောင်းချသူတစ်ဦးက ပြောသည်။

အဆိုပါ ချောင်းဦးနယ်ထွက် ငရုတ်သီးစိမ်းသီးနှံများ မုံရွာမြို့မှတစ်ဆင့် ပခုက္ကူ၊ မင်းဘူးမှတစ်ဆင့် ရခိုင်ပြည်နယ်သို့လည်းကောင်း၊ မန္တလေးမှတစ်ဆင့် လားရှိုး၊ မြစ်ကြီးနားသို့လည်းကောင်း၊ ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်သို့လည်းကောင်း အသီးသီးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မစ္စတာတိုနီဘလဲအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာတိုနီဘလဲအား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဝတ္ထုတိုစာတမ်းများ ဒုတိယအကြိမ် ပုံနှိပ်ဖြန့်ချိ

စာပေဗိမာန်သည် စာပေဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေပွန်စွာထမ်းဆောင်ခဲ့သော အစဉ်အလာကောင်းများရှိသည်။ မျက်မှောက်ခေတ်တွင် ထိုအစဉ်အလာကောင်းများကို ထိန်းသိမ်းလျက်ရှိရုံမျှမက မျိုးဆက်သစ်များကိုလည်း လက်ဆင့်ကမ်းပေးလျက်ရှိသည်။ ထင်ရှားကျော်ကြားသော စာရေးဆရာကြီးများဖြစ်ကြသည့် ဦးကြီးမောင် (ငွေဥဒေါင်း)၊ ကျော်အောင်၊ မင်းကျော်၊ မင်းယုဝေ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်ထင်၊ တက္ကသိုလ် မောင်အောင်ဆွေ၊ ထင်လင်း၊ သော်တာဆွေ၊ ခင်ဆွေဦးတို့က ၁၉၇၉ ခုနှစ်တွင် ဖတ်ကြားခဲ့သော ဝတ္ထုတိုစာတမ်းများကို ယခုအခါ ဒုတိယအကြိမ် ပုံနှိပ်ဖြန့်ချိလိုက်ပြီဖြစ်သည်။

စာပေဗိမာန်က "ဝတ္ထုတိုအနှစ်သာရများ"ခေါင်းစဉ်ဖြင့် စာပေဗိမာန် စာပေစကားဝိုင်းကျင်းပခဲ့ရာ ဆရာကြည်မင်း၊ ဆရာကိုရိုးကွန့်၊ ဆရာမကြူကြူသင်း၊ ဆရာမနှင်းဝေငြိမ်းတို့က "ဝတ္ထုတိုများဖြင့် ရသပေးစွမ်းပြီး ပြည်သူကိုအကျိုးပြုပုံ၊ အယ်ဒီတာ၏ မှတ်ကျောက်တင်ခံနိုင်မှ ဝတ္ထုတိုကောင်းများဖြစ်ပေါ်လာနိုင်ပုံနှင့် Online တွင် ရေးသားနေကြသော ဝတ္ထုတိုများတွင် အားနည်းချက်၊ အားသာချက်များရှိကြပုံ"တို့ကို အပြည့်သဘော ဆွေးနွေးကြပြီး ယင်းဆွေးနွေးချက်များကို ပူးတွဲဖော်ပြထားပါသည်။

ထို့ကြောင့် မူရင်းစာတမ်းရှင်တို့၏ လက်ရာများအပြင် မျက်မှောက်ခေတ်စာရေးဆရာတို့၏ ဝတ္ထုတိုများ အပေါ် ဝေဖန်သုံးသပ်ချက်များကိုပါ တစ်ထိုင်တည်း ဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။




**ဝတ္ထုတို စာတမ်းများ စာအုပ်၏ မျက်နှာဖုံး**

စာပေဗိမာန်က ပုံနှိပ်ဖြန့်ချိသော "ဝတ္ထုတိုစာတမ်းများ" စာအုပ်မှာ ၅ ဒသမ ၇" ×၈ ဒသမ ၃" အရွယ်အစားရှိ၍ အဖုံးကို Art Cart 210 gsm လေးရောင်ဖြင့် လည်းကောင်း၊ အတွင်းစာသားကို Wood Free စက္ကူဖြူချောဖြင့် လည်းကောင်း ပုံနှိပ်ထားပြီး စာမျက်နှာ ၄၆၀ ပါရှိသည်။ စာပေဗိမာန် စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့ အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရန်ကုန်မြို့၌ တည်ဆောက်လျက်ရှိသည့် စည်းကမ်းမကိုက်ညီသော အထပ်မြင့်အဆောက်အအုံများကို ရပ်ဆိုင်းထားရန် အရေးကြီးအဆိုတင်သွင်း

**နေပြည်တော် ဇန်နဝါရီ ၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အရေးကြီးအဆိုတစ်ရပ်တင်သွင်းခြင်း၊ မေးခွန်း(၄)ခုမေးမြန်းဖြေကြားခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သည့် ဥပဒေကြမ်းများအား လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားခြင်း၊ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းများအား လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းတစ်ခုအား လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်က တည်ဆဲဥပဒေများ၊ စည်ပင်သာယာရေးကော်မတီ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ခြင်းမရှိဘဲ ရန်ကုန်မြို့၌ တည်ဆောက်လျက်ရှိသည့် အထပ်မြင့်အဆောက်အအုံများကို ဥပဒေများ၊စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရန်ဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုတင်သွင်းရာ မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးအောင်က ထောက်ခံသည်။

ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ပခုက္ကူမြို့နယ်အဆုံး ယောချောင်းဘေးရှိ ကျေးရွာများအတွက် အရှေ့ကမ်းဖြူအခြေခံပညာအလယ်တန်းကျောင်းခွဲအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးနိုင်ရေးမေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း က သတ်မှတ်မူဘောင်များနှင့် ကိုက်ညီမှုမရှိခြင်း၊ ၂၀၁၅ -၂၀၁၆ ခုနှစ်ပညာသင်နှစ်အတွက် ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိခဲ့သည့် အခြေခံပညာအလယ်တန်းကျောင်းအရေအတွက်အားလုံးအား တိုးမြှင့်ပေးခဲ့ပြီးဖြစ်ခြင်းတို့ကြောင့် ၂၀၁၅- ၂၀၁၆ ပညာသင်နှစ်တွင် အဆိုပါကျောင်းအား အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်၏ **ဘီးလင်းမြို့နယ် ကဖိုင်းကျေးရွာရှိ ကဖိုင်းဆည်မှ ရေများအား မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေသွယ်ယူသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ဆည်မြောင်းဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေပေးဝေမှုကိုသာ အဓိကဆောင်ရွက်လျက်ရှိပြီး ကဖိုင်းတမံမှ ဘီးလင်းမြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေဖြန့်ဝေခြင်းလုပ်ငန်းသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့(သို့မဟုတ်) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ အစီအစဉ်ဖြင့် ဆောင်ရွက်သွားရမည့်လုပ်ငန်းဖြစ်၍ အဆိုပါဆည်မှရေများအား ရေရှားသည့် မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေသွယ်ယူနိုင်ရန် သက်ဆိုင်ရာဌာနများမှ တင်ပြညှိနှိုင်းလာပါက ဆည်မြောင်းဦးစီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းသည်။



**ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို။**



**မရမ်းကုန်းမြို့နယ်မဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်။**

တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၏ **တမူးခရိုင်အတွင်းရှိ ရေကြီးရေလျှံမှုကြောင့် တောင်သူလယ်သမားများစိုက်ပျိုးထားသည့်လယ်ယာများ ပျက်စီးခဲ့ရသဖြင့် စိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်ရန်အခက်အခဲရှိနေခြင်းနှင့် ရေတိုက်စားသွားသည့် လယ်ယာမြေများအစား လုပ်ကိုင်စားသောက်ရန် မြေလွတ်မြေရိုင်းများကို လျှောက်ထားခွင့်ပေးပြီး အမြန်ဆုံးချထားပေးရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကိုသိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်ဇော်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေ အခန်း(၆)၊ နည်းဥပဒေ (၃၀) အရ ရက်ရွှေ့ဆိုင်းပေးဆပ်ခွင့်ပြုရန် မြို့နယ်ဘဏ်ခွဲမန်နေဂျာသို့ လျှောက်ထားတင်ပြနိုင်ပြီး ယနေ့ထိ တမူးခရိုင်မှ ရေကြီးရေလျှံမှုကြောင့်ပျက်စီးခဲ့ရသည့် လယ်မြေများအတွက် ၂၀၁၅ ခုနှစ် မိုးရာသီချေးငွေအား ရက်ရွှေ့ဆိုင်းပေးဆပ်ခွင့်တင်ပြလာခြင်းမရှိသေးပါကြောင်း၊ ရေတိုက်စားသဖြင့် လယ်ယာမြေများ ပျက်စီးမှုရှိခဲ့ပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ လယ်ယာမြေဖော်ထုတ်လုပ်ကိုင်လိုသူများအနေဖြင့် ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့်မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့သို့ တင်ပြလျှောက်ထားရန်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က **ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းနှင့် နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်း**တို့အား လွှတ်တော်သို့အသိပေးတင်ပြပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစိုးရယ်နှင့် ဦးသိန်းထွန်းဦး တို့က အစီရင်ခံစာဖတ်ကြားတင်သွင်းရာ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း၌သာဆက်လက်ဆွေးနွေးရန်အတွက် အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က **ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့သည့် "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"၊ "အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့် **"တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း"**များအား လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က **ပြင်ဆင်ချက်ဖြင့်အတည်ပြုပေးပို့သည့် "မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက် ၃၁ ချက်နှင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၈၉ ချက်တို့အား ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်က တင်သွင်းရာ လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း တစ်ရပ်လုံးအားပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် မရမ်းကုန်းမြို့နယ်မဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် တင်သွင်းသည့် အရေးကြီးအဆိုအား နေပြည်တော်ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူနှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်မှ ဦးတင်မောင်ဦးတို့က ထောက်ခံဆွေးနွေးကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တိုက်ရိုက်ပတ်သက်ခြင်းမရှိသော်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောက်လုပ်နေသည့်အဆောက်အအုံများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းဥပဒေများအတိုင်း လိုက်လျောညီထွေစွာဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီများက သတ်မှတ်စည်းမျဉ်းစည်းကမ်းများချမှတ်၍ ကြီးကြပ်ခွင့်ပြုလျက်ရှိပါကြောင်း၊ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါအဖွဲ့ကို လွတ်လပ်သည့်အဖွဲ့အစည်းတစ်ရပ်အနေဖြင့်ဖွဲ့စည်းထားပြီး ၁၂ ထပ်ခွဲနှင့် အထက်အဆင့်ရှိသည့်အဆောက်အအုံများကို ကြီးကြပ်စစ်ဆေးပါကြောင်း၊ နိုင်ငံတစ်ဝန်းဆောက်လုပ်သည့်အဆောက်အအုံများသည်ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ စံချိန်စံညွှန်းများကို အခြေခံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တစ်နှစ်ပတ်လုံးတက်ရောက်သည့် လူနာအရေအတွက်မှာ ယခင်က ၂၅၀၀၀ ရှိခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ၆၂၅၀၀ ခန့် တိုးတက်လာပါကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူနာဆောင်ထပ်မံဆောက်လုပ်ရန် လိုအပ်မည်ဟုသုံးသပ်မိပါကြောင်း၊ ဆွေးနွေးချက်များအရ ဆောက်လုပ်မှုကို ဝန်ကြီးဌာနအနေဖြင့် ရပ်ဆိုင်းထားမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် တင်သွင်းသည့် အရေးကြီးအဆိုအား လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော်　ဇန်နဝါရီ　၇**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ H.E. Mr.Yoshito SENGOKU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါရုံး၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများအား မြန်မာနိုင်ငံအနေဖြင့် ဥပဒေကြောင်းအရပေးသည့် အကာအကွယ်များ၊ စာချုပ်စာတမ်းများမှတ်ပုံတင်အက်ဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တစ်နိုင်ငံလုံးသင်ကြားရေး ထူးချွန်ဆုရ ဆရာမအား ဆုချီးမြှင့်

**ညောင်လေးပင် ဇန်နဝါရီ ၇**

တစ်နိုင်ငံလုံးသင်ကြားရေး ထူးချွန်ပထမဆုနှင့် ပေးစာရေး စာပေထူးချွန်ဆုရရှိခဲ့ကြသူများအား ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်၌ ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် သင်ကြားရေးထူးချွန်ဆု မြန်မာတစ်နိုင်ငံလုံး ပထမ၊ တိုင်းဒေသကြီးအဆင့် ပထမ၊ မြို့နယ်အဆင့် ပထမရရှိသော ဆရာမဒေါ်လှမြတ်အေး၊ မြို့နယ်အဆင့် ပထမရရှိသော ဆရာဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီးအဆင့် ဒုတိယ၊ မြို့နယ်အဆင့်ပထမရရှိသော ဆရာမ ဒေါ်အေးသီရိမွန်၊ နိုင်ငံတကာပေးစာရေးပြိုင်ပွဲတွင် မြန်မာတစ်နိုင်ငံလုံး ပထမရရှိသော စာပေထူးချွန်ကျောင်းသား မောင်အောင်သူရဖြိုးနှင့် အခြားဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ဆုပေးပွဲတွင် ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိ ရေသန့်စက်ကို အလှူရှင် ဗိုလ်ကြီးဇော်လင်း(ငြိမ်း)က လှူဒါန်းပြီး ကျောင်းသားဟောင်း ဦးအောင်လင်းက ငွေကျပ် ၄၅ သိန်းတန်ဖိုးရှိ ကျောင်းအတွင်း ကွန်ကရစ်ပတ်လမ်းကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ၂၀၁၅ ခုနှစ်တွင် မန္တလေးမြို့သို့ နိုင်ငံတကာဧည့်သည်များ လျာထားချက်ထက် ပိုမိုဝင်ရောက်ခဲ့

**မန္တလေး　ဇန်နဝါရီ　၇**

မန္တလေးမြို့သို့ နိုင်ငံတကာခရီးသွားဧည့်သည်များဝင်ရောက်မှုကို ၂၀၁၅ ခုနှစ်အတွက် သုံးသိန်းခန့်မှန်းထားသော်လည်း ၂၀၁၅ ခုနှစ် နှစ်ကုန်စာရင်းများအရ လျာထားချက်ထက် ပိုမိုဝင်ရောက်လာကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနစာရင်းများအရ သိရသည်။

ယမန်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စာရင်းများအရ နိုင်ငံခြားသားဧည့်သည် ၃၀၆၄၃၂ ဦး ဝင်ရောက်ခဲ့သဖြင့် လျာထားချက်ထက်ပိုမိုသည့်အပြင် ၂၀၁၄ ခုနှစ်ထက် ၂၆ ရာခိုင်နှုန်းတိုးတက်ဝင်ရောက်လာကြောင်း ၎င်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"၂၀၁၄ ခုနှစ် တစ်နှစ်လုံးမှာ ၂၄၂၅၆၆ ဦး ဝင်ရောက်ထားတဲ့အတွက် ဒီနှစ်စာရင်းနဲ့နှိုင်းယှဉ်ရင် ၂၆ ရာခိုင်နှုန်း တိုးတက်လာတယ်လို့ ပြောလို့ရပါတယ်။ ယခု ၂၀၁၆ ခုနှစ်အတွက် လျာထားဖို့ဆိုရင် လက်ရှိ နိုင်ငံရေးအခင်းအကျင်းတွေ၊ နိုင်ငံတကာခရီးသွားလုပ်ငန်း အလားအလာတွေ၊ အာဆီယံနဲ့ကမ္ဘာ့နိုင်ငံရေးအခြေအနေတွေပေါ်မူတည်ပြီး ခန့်မှန်းတွက်ချက်ရမှာပါ။ ဒါ့အပြင် နိုင်ငံတကာလေကြောင်းလိုင်းတွေလည်း ထပ်တိုးပြီး ဆင်းသက်နိုင်ဖို့နဲ့ လက်ရှိ လေကြောင်းလိုင်းတွေကလည်း အခေါက်ရေပိုမိုပျံသန်းနိုင်မှုအပေါ်မှာ မူတည်နေပါတယ်" ဟု ၎င်းက ဆိုသည်။

မန္တလေးမြို့သို့ ၂၀၁၅ ခုနှစ်တွင် ဝင်ရောက်ခဲ့ကြသော နိုင်ငံတကာခရီးသွားဧည့်သည်များအနက် တရုတ်၊ ထိုင်း၊ ပြင်သစ်၊ ဂျာမနီနှင့် အမေရိကန်နိုင်ငံတို့မှ အများဆုံးလာရောက်လျက်ရှိပြီး မန္တလေးမြို့ရှိ တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြည်တွင်းလေကြောင်းလိုင်း ရှစ်လိုင်းနှင့် နိုင်ငံတကာမှတိုက်ရိုက်ဆင်းသက်သည့် လေကြောင်းလိုင်း ငါးလိုင်းရှိကြောင်းသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဘော်ကြိုကျောင်းတိုက် ဓာတ်ပေါင်းစုဂန္ဓကုဋိတိုက်တော်သစ် တည်ဆောက်ရန် အလှူငွေ လှူဒါန်း

**သီပေါ　ဇန်နဝါရီ　၇**

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် အောက်တိုဘာလအတွင်းက သီပေါမြို့နယ် ဘော်ကြိုဘုရားကြီးကျောင်းတိုက်တွင် နှစ်ကြိမ်တိုင်တိုင် တူးဖော်တွေ့ရှိခဲ့ရသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်စုစုပေါင်း ၃၅၈ ဆူ သီတင်းသုံးကိန်းဝပ်စံပယ်တော်မူရန်အတွက် ဓာတ်ပေါင်းစုဂန္ဓကုဋိတိုက်တော်သစ်ကြီးကို တည်ဆောက်လျက်ရှိရာ ပြည်သူများ နေ့စဉ် လာရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ အဆိုပါဓာတ်ပေါင်းစုဂန္ဓကုဋိတိုက်တော်သစ်ကြီး၏ ဘုရားဆောင်အတွက် မိဘနှစ်ပါးအားရည်စူး၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ မမိုးမိုးထွေးက အလှူငွေကျပ်သိန်း ၅၀ ကို ဇန်နဝါရီ ၅ ရက်တွင် လာရောက်လှူဒါန်းခဲ့ရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဘော်ကြိုကျောင်းတိုက်ဆရာတော် ဓမ္မကထိကဗဟုဇနဟိတရေ ဘဒ္ဒန္တဒေဝိန္ဒ(MA)က အနုမောဒနာတရားဟောကြားချီးမြှင့်ပေးတော်မူသည်။ အရပ်ရပ်အနယ်နယ်မှ ပါဝင်လှူဒါန်းလိုကြသော စေတနာရှင်များအနေဖြင့် ဘော်ကြိုကျောင်းတိုက် ဖုန်း-၀၈၂-၈၀၂၃၈၊ ၀၉ ၅၂၃၁၄၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သီပေါကိုလတ်)**

# တောင်ငူပြဖ္ဗစိုရ် လူမှုကူညီမှုအသင်း လုပ်ငန်းညှိနှိုင်း

**တောင်ငူ　ဇန်နဝါရီ　၇**

တောင်ငူမြို့ ပြဖ္ဗစိုရ် မေတ္တာနှင့်စေတနာ လူမှုကူညီမှုအသင်းကြီး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ မေတ္တာနှင့် စေတနာ သွေးလှူရှင်အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ညို(အမေ့အိမ်)က အသင်း၏ လုပ်ငန်းလည်ပတ်မှုအခြေအနေများကို တင်ပြဆွေးနွေး၍ အသင်းနာယကများဖြစ်ကြသော ဦးကျော်လှ(သမာဓိ)နှင့် ဦးရဲဝင်း (ရွှေဝါပဲဆီသန့်)တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဘဏ္ဍာရေးမှူး ဦးရဲမြင့်(ပွဲရုံလုပ်ငန်း)က ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြ၍ ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းနှင့် အတည်ပြုဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ **ကျော်လှ(တောင်ငူ)**




# တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်းအခြေခံသင်တန်းဆင်း

**မုံရွာ　ဇန်နဝါရီ　၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်းအခွန်များ ဦးစီးဌာနအောက်ရှိ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်ပြီး စာရေးဝန်ထမ်းအခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းအမှတ်စဉ်(၂) ဆင်းပွဲကို ဇန်နဝါရီ ၁ ရက်က မုံရွာမြို့ တိုင်းဒေသကြီး ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းအား ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းအခွန်များ ဦးစီးဌာနများမှ သင်တန်းသား သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးကျော်ဇေယျက သင်တန်းတွင် ထူးချွန်ပထမဆုရရှိခဲ့သည့် ချောင်းဦးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဒေါ်ဘယ်လီဆန်းအား ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ပြည်သူများ ရောင်းဝယ်ဖောက်ကားမှုလွယ်ကူစေရေး ရန်ကုန်မြို့တော်စည်ပင်မှ ဈေးသစ်များ တည်ဆောက်နေ

**ရန်ကုန်　ဇန်နဝါရီ　၇**

ပြည်သူများလမ်းပိတ်ဆို့မှုမရှိစေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေး၊ ပျံကျဈေးသည်များ စနစ်တကျ ဝင်ရောက်ရောင်းချနိုင်ရေးနှင့် ပြည်သူများ ရောင်းဝယ်ဖောက်ကားမှု လွယ်ကူစေရေးတို့ကို ရည်ရွယ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဈေးသစ်များကို တည်ဆောက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ဈေးများဌာန)မှ သိရသည်။

"ယခုလက်ရှိ မင်္ဂလာဒုံမြို့နယ် ရတနာသီရိဈေး၊ လှိုင်သာယာမြို့နယ်(၂၀)ရပ်ကွက်ဈေး၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးခနောင်တိုဈေး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၆)ရပ်ကွက်ဈေး၊ ရွှေပြည်သာမြို့နယ် အမိုးကြီးဈေးနှင့် (၁၀)ရပ်ကွက်ဈေး၊ (၆)ဈေးတွေကို တည်ဆောက်နေပြီး လှိုင်သာယာမြို့နယ် ၂၀ ရပ်ကွက်ဈေးက ၉၀ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ ကျန်ဈေးတွေကတော့ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးနေပါပြီ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ဈေးများဌာန) တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် လှိုင်သာယာမြို့နယ် ရွှေရင်အေးဈေး၊ အင်းစိန်မြို့နယ် ဖော့ကန်ဈေး၊ သာကေတမြို့နယ် အမှတ်(၁)ဈေးနှင့် အမှတ်(၂)ဈေး၊ အလုံမြို့နယ်အလုံဈေး၊ ကြည့်မြင်တိုင်မြို့နယ် လဟာပြင်ညဈေး၊ မရမ်းကုန်းမြို့နယ် မြဂန္ဓမာဈေး၊ လှိုင်မြို့နယ် လှိုင်ဈေးကြီး၊ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ဈေးနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)ဈေး ဈေးဟောင်း(၁၀)ဈေးတို့ကိုလည်း ပြန်လည်ပြင်ဆင်တည်ဆောက်နေကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(ဈေးများဌာန)က ရန်ကုန်မြို့တွင်းဈေးပေါင်း ၁၇၃ ခုကို တည်ဆောက်ခဲ့ပြီး ဈေးသစ်များနှင့် ဈေးဟောင်းပြင်ဆင်တည်ဆောက်မှုများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

ဈေးသစ်များတည်ဆောက်၊ ဈေးဟောင်းများ ပြန်လည်ပြုပြင်ပြီးစီး၍ ဈေးများအားလုံးပုံမှန်လည်ပတ်ဖွင့်လှစ်နိုင်ပါက ပျံကျဈေးသည်များနှင့် ရောင်းဝယ်ဖောက်ကားသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းအပြည့်အဝရရှိလာမည်သာမက ဝယ်ယူစားသုံးသူပြည်သူများအတွက်ပါ စားကုန်မျိုးစုံဝယ်ယူရေးတွင်ပါ ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

**(ရီရီသန့်)**



# ရေနုတ်မြောင်းတူးဖော်ရာမှ စစ်ကျန်တင့်ကားပစ်ဗုံးသီးဟောင်း ၄၁ လုံးတွေ့ရှိ

**ရေတာရှည်　ဇန်နဝါရီ　၇**

စစ်ကျန်တင့်ကားပစ်ဗုံးသီးဟောင်း ၄၁ လုံးကို ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၄)ရပ်ကွက် ကရင်ချောင်းလမ်းတောင်ဘက်ရှိ နေအိမ်ရှေ့ ခြံစည်းရိုးအနီး ရေနုတ်မြောင်းတူးဖော်စဉ် တွေ့ရှိခဲ့ကြောင်း သိရသည်။

ခြံအမှတ်(၇)နေ ဦးသက်ခိုင်ထွန်း (၃၀)နှစ်သည် ၎င်း၏နေအိမ်ရှေ့ရှိ ခြံစည်းရိုးအနီး ရေနုတ်မြောင်းတူးဖော်စဉ် အလျား ၁၂ လက်မ၊ လုံးပတ် ၁၀ လက်မရှိ သံချေးများတက်နေသည့် စစ်ကျန်ဗုံးသီးဟောင်းနှစ်လုံးကို စတင်တွေ့ရှိခဲ့၍ ရေတာရှည်မြို့မရဲစခန်းသို့ သတင်းပို့ခဲ့သည်။ ဗုံးသီးဟောင်းများတွေ့ရှိသည့်နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်ဝင်းနှင့် မြို့မရဲစခန်းမှ တာဝန်ရှိသူများက စစ်ဆေးကြည့်ရှုခဲ့ပြီး ဆက်လက်တူးဖော်ခဲ့ရာ အတန်းလိုက် မြှုပ်နှံထားသော တင့်ကားပစ်ဗုံးဆန်ဟောင်း ၃၉ လုံးကို ဆက်လက်တူးဖော်တွေ့ရှိရ၍ သက်ဆိုင်ရာ စစ်မြေပြင် အင်ဂျင်နီယာတပ်ဖွဲ့ တာဝန်ရှိသူများထံ လွှဲပြောင်းအပ်နှံရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# တည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန် ရည်ရွယ်လှုပ်ရှားလျက်ရှိသော AA သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၇**

နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ဦးတည်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား မကြာမီကျင်းပတော့မည်ဖြစ်သည်။

လွတ်လပ်ရေးရရှိချိန်မှစ၍ နှစ်ပေါင်းရှည်ကြာဖြစ်ပွားခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ လုံးဝချုပ်ငြိမ်းစေရန် ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် (၈)ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ကျန်အဖွဲ့များ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့က ဖိတ်ခေါ်ကြိုဆိုလျက်ရှိသည်။

NCA စာချုပ်လက်မှတ်ရေးထိုးပြီးနောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစည်းအဝေးများကို ကျင်းပခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်သဘောတူညီချက်ကိုရေးဆွဲကာ ဒီဇင်ဘာ ၁၆ ရက်တွင် နိုင်ငံတော်သမ္မတထံ အပ်နှံခဲ့ပြီးဖြစ်ရာ NCA စာချုပ်အရ ယင်းမူဘောင်ကိုအခြေခံပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စုစည်းကြိုးပမ်းဆောင်ရွက်နေချိန်တွင် AA သောင်းကျန်းသူများအနေဖြင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ လုပ်ဆောင်လာခဲ့သည်။

AA သောင်းကျန်းသူအဖွဲ့အား ၂၀၀၉ ခုနှစ်၊ ဧပြီလအတွင်း KIA ဌာနချုပ်(အဟောင်း)လိုင်စင်ပို့စ်၌ လူအင်အား ၂၀ ကျော်ဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း KIO/ KIA အနေဖြင့် ၂၀၁၁၊ ၂၀၁၂ ခုနှစ်များ၌ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်(FUA)ကို KIA နယ်မြေအတွင်းဖွဲ့စည်း၍ အခြားသောင်းကျန်းသူအဖွဲ့များအား စုဖွဲ့ထောက်ပံ့ကာ သက်ဆိုင်ရာဒေသများသို့ ပြန်လည်စေလွှတ်ခြင်းဖြင့် ၎င်းတို့အပေါ်စစ်ရေးအရ ဖိအားများလျော့နည်းစေရန် ဆောင်ရွက်ခဲ့သည်။

ခိုင်လင်းဇံ ခေါင်းဆောင်သော AA သောင်းကျန်းသူအဖွဲ့ကိုလည်း ALP ၏ အကူအညီဖြင့် ၂၀၁၅ ခုနှစ်၊ မတ်လ ဒုတိယပတ်တွင် ကချင်ပြည်နယ်လိုင်ဇာမှတစ်ဆင့် တောလမ်းခရီးအတိုင်းပို့ဆောင်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အိန္ဒိယ သုံးနိုင်ငံနယ်စပ် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ စောင်သည်မြို့နယ်၊ ဖာရဝါအုပ်စု၊ တလင်းချောင်းဖျားရှိ ALP စခန်းဟောင်းသို့ ရောက်ရှိခဲ့သည်။

ယင်းနောက် အဖွဲ့ငယ်များဖြန့်ခွဲ၍ တလင်းချောင်းဖျား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံ နယ်စပ်မှတ်တိုင် (၆၈)နှင့် (၆၉)ကြား စပါးချောင်းဧရိယာ၊ နယ်စပ် မှတ်တိုင်(၇၀)နှင့် (၇၁)ကြား ငါးချောင်းရွာ အနီးတစ်ဝိုက်တွင် အခြေပြုလှုပ်ရှားလာခဲ့ရာ ၂၀၁၅ ခုနှစ်၊ မတ် ၂၈ ရက်က AA သောင်းကျန်းသူအဖွဲ့မှ ခိုင်အောင်သန်း(ခ)ဘုန်းမြတ် ခေါင်းဆောင်သည့် အင်အား ၂၅ ဦးခန့်ပါအဖွဲ့သည် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ပြိုင်စိုတောင်ကြားလမ်းမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းဝင်ရောက်ခဲ့ရာ မိမိတပ်များနှင့် စတင်ထိတွေ့မှုဖြစ်ပွားပြီး ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထို့အတူ ၂၀၁၅ ခုနှစ်၊ ဧပြီလအတွင်း၌လည်း ပလက်ဝဒေသနှင့် ကျောက်တော်မြို့နယ်အတွင်းသို့ဝင်ရောက်၍ နယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးပျက်ပြားစေရန် လုပ်ဆောင်လာသဖြင့် တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍ နယ်မြေရှင်းလင်းမှုများဆောင်ရွက်ခဲ့ရာ ထိတွေ့မှုများဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူအချို့နှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။



**AA သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသော လက်နက်၊ ခဲယမ်းများ၊ ပြောက်ကျားယူနီဖောင်းများ၊ ချပ်ဝတ်တန်ဆာများ၊ ဆေးဝါးများ၊ ဆန်များနှင့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။** (မြဝတီ)

ထို့ပြင် အောက်တိုဘာနှင့်နိုဝင်ဘာလများတွင်လည်း ကျေးရွာများသို့ လက်နက်များကိုင်ဆောင်ဝင်ရောက်ပြီး အဓမ္မဆက်ကြေးကောက်ခံခြင်း၊ အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများတွင် မိုင်းထောင်ခြင်းများပြုလုပ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခဲ့ရပြီး ၎င်းတို့ သို့ဝှက်ထားသည့် လက်နက်၊ ခဲယမ်းများ၊ ကျည်ဆန် ၅၄ တောင့်၊ ဒေသန္တရမိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းမှုန့် ၅၁ ပိဿာ၊ စနက်တံ ၄၄ ချောင်း၊ ခေတ်ခဲများ၊ မိုင်းမျိုးစုံ ၁၈ လုံး၊ လက်ဖြောင့်သေနတ်မှန်ပြောင်း တစ်ခု၊ ဆက်သွယ်ရေးပစ္စည်းများ၊ လူနေတဲ ရှစ်လုံး၊ ပြောက်ကျားယူနီဖောင်း ၄၆ ထည်၊ ချပ်ဝတ်တန်ဆာ ၁၉၉ စုံ၊ ကျောပိုးအိတ် ၃၄ လုံးနှင့် အသုံးအဆောင်ပစ္စည်းများ၊ ရိက္ခာအတွက်အသုံးပြုသည့် ဆန်အိတ် ၂၅ အိတ်၊ ဆီ ၁၃ ပုံး၊ ဆားနှင့် ငါးပိအိတ်များ၊ ဆေးဝါးပစ္စည်းများကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့မှုနှင့်အတူ တပ်ဖွဲ့ဝင်အချို့ကိုလည်း ဖမ်းဆီးရမိခဲ့သည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် ကျောက်တော်မြို့နယ်၊ ယမ်းချောင်း-ရှူးချောင်းနယ်မြေအတွင်း AA သောင်းကျန်းသူအဖွဲ့ ဝင်ရောက်လာကြောင်း သတင်းရရှိသဖြင့် တပ်မတော်စစ်ကြောင်းများမှ နယ်မြေရှင်းလင်းခဲ့ရာ တိုက်ပွဲငယ်များဖြစ်ပွားခဲ့သည်။

ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ၁၅ ကြိမ် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး လက်ဖြောင့်သေနတ်ဖြင့် ချောင်းမြောင်းပစ်ခတ်မှုကြောင့် တပ်မတော်မှ တပ်ရင်းမှူး တစ်ဦး အပါအဝင် အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ အချို့မှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များ၌ AA သောင်းကျန်းသူအဖွဲ့ထံမှ အလောင်းသုံးလောင်းနှင့် သေနတ် တစ်လက်၊ ကျည်မျိုးစုံ ၁၂၅၀ တောင့်၊ မိုင်းမျိုးစုံ ၄၄ လုံး၊ လက်ပစ်ဗုံး ၁၀ လုံး၊ လူနေတဲ ၁၅ လုံး၊ ဆန် ၄၂ အိတ်၊ ဆီ ၁၅ ပုံးနှင့် ဆေးဝါးမျိုးစုံတို့ကို သိမ်းဆည်းရမိခဲ့ပြီး သောင်းကျန်းသူများသည် အဖွဲ့ငယ်များ ပြန့်ကွဲကာ ဆုတ်ခွာထွက်ပြေးခဲ့သည်။

တစ်ဖက်နိုင်ငံနှင့် နှစ်နိုင်ငံသံတမန်အရေးအရ ညှိနှိုင်းဆောင်ရွက်မှုများကြောင့် AA သောင်းကျန်းသူများအနေဖြင့် ပြည်တွင်း၌ အခြေခံနယ်မြေတည်ဆောက်နိုင်ရန် ထပ်မံဝင်ရောက်လာခြင်းဖြစ်သော်လည်း တပ်မတော်စစ်ကြောင်းများက နယ်မြေခံလူထုနှင့်ပူးပေါင်း၍ နယ်မြေရှင်းလင်းခဲ့ခြင်းကြောင့် AA သောင်းကျန်းသူများအနေဖြင့် အဖွဲ့ငယ်များပြန့်ကွဲကာ ဆုတ်ခွာထွက်ပြေးပြီး ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အရပ်သားအသွင်ဖြင့် ခိုအောင်း၍ မကွေး၊ စေတုတ္တရာမြို့နယ်မှ တောလမ်းအတိုင်း မင်းပြားမြို့နယ်အတွင်း ဝင်ရောက်လာမည့်အဖွဲ့များနှင့် ပူးပေါင်းကာ အကြမ်းဖက်မှုများဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် ပလက်ဝမြို့နယ် ပြိုင်ငူကျေးရွာ၏အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် တောင်ယာလုပ်ကိုင်လျက်ရှိသော အမျိုးသား ငါးဦး၊ အမျိုးသမီး နှစ်ဦး၊ စုစုပေါင်း ခုနစ်ဦးကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

တစ်ဖက်နိုင်ငံရှိ ကုလားဆိုးအကြမ်းဖက်အဖွဲ့အစည်းများ၊ တရားမဝင်လက်နက်ကိုင်အဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ၎င်းတို့အား အကူအညီပေးရေး တောင်းဆိုလျက်ရှိပြီး တပ်ဖွဲ့ဝင်အများစုမှာ ခံယူချက်မရှိဘဲ ခြိမ်းခြောက်မှုနှင့် လူမှုရေးအခက်အခဲများကြောင့် ဝင်ရောက်ခဲ့သူများဖြစ်ပြီး ယခုအခါ အချင်းချင်းယုံကြည်မှုများပျက်ပြား၍ စိတ်ဝမ်းကွဲလျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးတို့အတွက် တပ်မတော်အနေဖြင့် AA သောင်းကျန်းသူများကို အပြီးတိုင်ရှင်းလင်းတိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# တိုက်ကြီးမြို့နယ် လူသန့်အင်းကျေးရွာအနီး ဆင်ဝင်ရောက်ကာ စပါးခင်းများဖျက်ဆီး

**တိုက်ကြီး ဇန်နဝါရီ ၇**

တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် လူသန့်အင်းကျေးရွာအနီးတွင် ဇန်နဝါရီ ၅ ရက်က ဆင်တစ်ကောင်ဝင်ရောက်နေကြောင်း သိရသည်။ အဆိုပါဆင်သည် လွန်ခဲ့သောသုံးရက်ခန့်မှစပြီး ဂျိုးဖြူ-ရန်ကုန် ရေပေးဝေသောပိုက်လုံးကိုကျော်၍ ဂျီအီးတပ်၊ စိတ္တသုခကျောင်းအနီးမှဖြတ်၍ လူသန့်အင်းကျေးရွာအနီးရှိ ဘန့်ဘွေးကုန်းတဲတိုက်သို့ ရောက်ရှိကာ စပါးခင်းများဝင်ရောက်စားသောက်ဖျက်ဆီးပြီး ပုံထားသော ကောက်လှိုင်းပုံများမှ စပါးများကို စားသောက်နေထိုင်လျက်ရှိကြောင်း သိရသည်။

၎င်းဆင်သည် လူကိုအန္တရာယ်မပြုသော်လည်း ဦးကျော်အေးပိုင်စပါးရိတ်ပြီး ပုံထားသောစပါးများကို စားသောက်သဖြင့် စပါးတင်း ၁၀၀ ခန့်ဆုံးရှုံးသွားသည့်အပြင် ဦးကျော်အေးငှားရမ်းထားသော လှည်းတစ်စီးကိုလည်းရိုက်ချိုးပစ်ပြီး အနီးရှိ ပန်းစိုက်ခင်းများမှ ရေပိုက်များကိုလည်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။ ယခုအခါ အနီးအနားတွင်နေထိုင်ကြသော မိသားစုဝင်များအားလုံး ဆင်အန္တရာယ်ကြောက်၍ စိုက်ခင်းများကိုပစ်ကာ ရွာထဲသို့ ပြောင်းရွှေ့နေကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**



# ပန်းရောင်စိတ်ကြွဆေးပြား ၉၉၀၀ သိမ်းဆည်းရမိ

**မူဆယ် ဇန်နဝါရီ ၇**

မူဆယ်မူးယစ်တပ်ဖွဲ့စု (၂၂) နမ့်ခမ်းလှုပ်ရှားအဖွဲ့မှ ရဲအုပ်ဇော်မင်းသိန်းနှင့်အဖွဲ့သည် ဇန်နဝါရီ ၃ ရက် ညနေ ၅ နာရီတွင် နမ့်ခမ်းနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နေမင်းထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ ဒေသခံသက်သေများနှင့်အတူ နမ့်ခမ်း-မန့်နောင်သွားလမ်း၊ မန့်နောင်ကူးတို့ဆိပ်အနီးတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ရှီချန်ဝေ(၂၆)နှစ်မောင်းနှင်လာသောဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

ဆိုင်ကယ်တူးဘောက်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀၀ ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် မယ(ပ)၃/၁၆၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

ရှီချန်ဝေသည် လွန်ခဲ့သော တစ်နှစ်ခန့်မှစ၍ ဆေးပြားသုံးစွဲခဲ့သူဖြစ်၍ ပန်းဆေးကျေးရွာ ဈေးနေ့များ၌ ဆေးပြားလာရောက်ရောင်းချသူ တရုတ်နိုင်ငံသား အသက် ၄၀ အရွယ် အားလုံနှင့် ခင်မင်ရင်းနှီးခဲ့ပြီး အားလုံက ကွန်ဟိုင်းကျေးရွာသို့ ငွေကျပ် သုံးသိန်းပေး၍ တတိယအကြိမ် သယ်ဆောင်ခိုင်းရာမှ ယခုကဲ့သို့ ဖမ်းဆီးခံခဲ့ရကြောင်း ထွက်ဆိုခဲ့သည်။ လွတ်မြောက်နေသည့် ကွင်းဆက်တရားခံများအား ဖမ်းဆီးရမိရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့နှင့် ပူးပေါင်းစုံစမ်းရှာဖွေနေကြောင်း သိရသည်။ **(ဆရာမောင်)**

အတွေးအမြင်

# ရွက်ဟောင်းကြွေလည်း ရွက်သစ်ဝေဆဲ

ဝက်ဒသကအရွယ် ရောက်လာပြီဆိုတော့ ခါးတွေ၊ တင်တွေကုန်းလာတဲ့အပြင် ညဘက်အိပ်မပျော်တဲ့ရောဂါဟာ နှစ်နဲ့ချီပြီး တွယ်ကပ်နေပြီမို့ မနက်ဖြန်တွေ့ဆုံပွဲသွားဖို့ အားဆေးတွေ၊ အခြားသောက်နေကျ ဆေးတွေ သောက်ပြီး စောစောအိပ်ရာဝင်ခဲ့ပါတယ်။

ခဏတာအိပ်ပျော်သွားပြီး ညဥ့်လယ်လောက်ကစပြီး အိပ်မပျော်တော့ပါ။ နံနက် ၆ နာရီရောက်လို့ မဖြစ်မနေထရတော့ ခေါင်းကမူးတူးတူးဖြစ်နေလို့ လိမ်းဆေးဆီလေး ပွတ်ရှုလိမ်းလိုက်တော့ အတော်လေးသက်သာလာတာကြောင့် ၅-၁၂-၂၀၁၅ ရက် (ကြည်း၊ရေ၊လေ) အမျိုးသမီး စစ်မှုထမ်းဟောင်းများ နှစ်ပတ်လည်တွေ့ဆုံပွဲကျင်းပမယ့် M3 Food Center ကို တက္ကစီလေးနဲ့ ထွက်လာခဲ့ပါတယ်။

ဟိုရောက်တော့ ရွယ်တူဖြစ်ကြတဲ့ သူငယ်ချင်းအချို့လည်း ကျော့နေအောင်ပြင်ဆင်ပြီး လှပနေကြတာတွေ့ရတယ်။ တချို့လည်း ကိုယ်လိုပဲကြိုးစားပြီးလာခဲ့ကြတဲ့ပုံ။ တချို့လည်း အရွယ်တော်တော်ကျပြီး ခပ်လှုပ်လှုပ်လေးလှမ်းလာတာ တွေ့ရပါတယ်။ အားလုံးကိုကြည့်ရတာ လွန်ခဲ့တဲ့ နှစ်(၅၀)ကျော်က အသွင်အပြင်တွေ လုံးဝမရှိတော့ဘဲ ဇရာရဲ့ ဝါးမျိုခြင်းကို ခံလိုက်ကြရလို့ ငယ်ရုပ်တွေပျောက်ကုန်ကြပြီ။ စောစောပိုင်းက ဒီတွေ့ဆုံပွဲလေးကို ကန်တော်ကြီးမှာ၊ နောက်ပြည်သူ့ဥယျာဉ်မှာ၊ နောက်ကမ္ဘာအေးကုန်းမြေတွေမှာ ကိုယ့်စားစရာ ကိုယ်ယူဆောင်လာပြီး တွေ့ကြဆုံကြ၊ အတိတ်ဟောင်းကို ပြန်ပြောင်းပြောကြ၊ ရယ်မောကြ၊ ပါလာတဲ့ လက်ဆောင်လေးတွေ လဲလှယ်ကြနဲ့ပေါ့။ ပြီးခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ငွေကြေးပြေလည်တဲ့ တပ်ကြပ်ကြီးဒေါ်ခင်နှင်းယုတို့ သူငယ်ချင်းတစ်စုက ဒီနေရာလေးကို စီစဉ်ပေးလို့ နေရာထိုင်ခင်း၊ အစားအသောက် အစစအရာရာ အဆင်ပြေခဲ့ပါတယ်။ အစ်မကြီးဒေါ်မြမြစန်းကလည်း တက်ရောက်လာတဲ့ လူတိုင်းကို အမှတ်တရလက်ဆောင်တွေ၊ ခရီးစရိတ်တွေ ပံ့ပိုးတာကြောင့် လိုလေသေးမရှိပြည့်စုံလို့ စီစဉ်ပေးသူအားလုံးကို ကျေးဇူးတင်ရပါတယ်။

အခမ်းအနားကို အခမ်းအနားမှူး ဒေါ်နွယ်နွယ်(မြဝတီ)က ဖွင့်လှစ်ပေးပြီး ဒီပွဲလေးရဲ့ဦးစီးဦးဆောင် ဗိုလ်မှူးဒေါ်ခင်လှသီ(ငြိမ်း)က အမှာစကားပြောပါတယ်။ မောမူဟာဒသကအရွယ်ဖြစ်ပေမယ့် စိတ်ဓာတ်ကတောင့်တင်းခိုင်မာသူမို့ စမတ်ကျ လှပနေပါတယ်။ ဒါပေမယ့် ဇရာရဲ့သဘောအရ တစ်ခါတစ်ရံ စကားတွေကို ပီပီသသကြားရပေမယ့် တစ်ခါတစ်ရံ အသံလေး



က တိုးတိမ်ညင်သာစွာနဲ့မို့ လေသံကလေးကို အတော်နားစိုက်ထောင်ယူရပါတယ်။ စိတ်ထဲက အင်း. . . သူလည်းဒီနေရာမှာ ဘယ်နှနှစ်ပြောနိုင်ဦးမလဲ၊ ငါလည်း ဒီနေရာကထိုင်ပြီး ဘယ်နှနှစ် နားထောင်နိုင်ဦးမလဲလို့. . . မရေရာတဲ့ အတွေးစိတ်ကလေးနဲ့ ဆင်ခြင်မိပါရဲ့။ ကျွန်မတို့ရဲ့ စုပေါင်းအဖွဲ့လေးဟာ ပုံမှန်အားဖြင့် သံဃမဟာနာယကဆရာတော်ကြီးများကို နှစ်စဉ် မတ် ၂၇ ရက်ရောက်တိုင်း နေ့ဆွမ်းလှူဒါန်းခြင်း၊ တိပိဋကစာမေးပွဲဖြေသံဃာတော်များကို နှစ်စဉ်အရုဏ်ဆွမ်းလှူဒါန်းခြင်း၊ ဘိုးဘွားရိပ်သာကြီးသို့ နှစ်စဉ် နိုဝင်ဘာလပထမပတ် စနေနေ့တိုင်း သွားရောက်လှူဒါန်းခြင်း၊ ဘုရားတည်ရာ၊ ကျောင်းဆောက်ရာ၊ မီးဘေး၊ ရေဘေး၊ ငလျင်ဘေးစတဲ့ လှူဒါန်းစရာကိစ္စတွေရှိရင်လည်း ကိုယ်နိုင်သလောက်ထည့်ဝင်ပြီး စုပေါင်းလှူဒါန်းခဲ့ကြတာ သိန်း ၂၀ ကျော် လှူဒါန်းပြီးဖြစ်ကြောင်း သိရပါတယ်။

ဝမ်းသာစရာလေးတစ်ခုက ဒီနှစ်တွေ့ဆုံပွဲကို လွန်ခဲ့တဲ့ နှစ်(၅၀)ကျော်က ကျွန်မတို့အရွယ် ခပ်ငယ်ငယ်လို နုပျိုလန်းဆန်းပြီး ချောမောလှပတဲ့ မျိုးဆက်သစ်စစ်ဗိုလ်မလေး ဗိုလ်ကြီးခိုင်ဝါဝါအောင်နဲ့ ဗိုလ်ကြီးအိပွင့်ဖြူတို့နှစ်ယောက် ပါဝင်တက်ရောက်လာတာကို တွေ့မြင်ရတော့ အလွန်ပဲဝမ်းသာကြရပါတယ်။ အားလုံးသော အဘွားစစ်သမီးကြီးတွေက မြေးစစ်သမီးလေးကို ဝမ်းပန်းတသာ နွေးထွေးစွာကြိုဆိုကြ၊ သူတို့နှစ်ယောက်နဲ့တွဲပြီး အမှတ်တရဓာတ်ပုံတွေ ရိုက်ကြတာ လက်မလည်နိုင်အောင်ပါပဲ။ တစ်ယောက်က နေပြည်တော်မှာ တာဝန်ထမ်းဆောင်ပြီး တစ်ယောက်က မြဝတီသတင်းစာတိုက်မှာ တာဝန်ထမ်းဆောင်ကြကြောင်း သိရပါတယ်။

ဩော် . . . . ရွက်ဟောင်းတွေကြွေချိန်မှာ ရွက်သစ်နုလေးတွေ ထွက်ပေါ်လာတဲ့အတွက် အမျိုးသမီးစစ်မှုထမ်း သစ်ပင်အိုကြီးအတွက် အားရဂုဏ်ယူမိပါတယ်။ ကျန်တဲ့မြေးမလေးတွေလည်း သူတို့တာဝန်ကျရာ မြန်မာပြည်အနှံ့ တပ်မတော်ရဲ့ တာဝန်တွေကို တို့တုန်းကလိုပဲ ထမ်းဆောင်နေကြပါလားလို့ အားတက်မိပါတယ်။

ကျွန်မတို့စစ်မှုထမ်းဟောင်း အဘွားအိုကြီးတွေကတော့ တပ်မတော်အပေါ်၊ တိုင်းပြည်အပေါ် သစ္စာရှိစွာနဲ့ ပေးအပ်လာတဲ့တာဝန်တွေကို ကိုယ့်အရိုးကိုယ်သယ်နိုင်သရွေ့ နိုင်ရာတာဝန်ကို ထမ်းဆောင်သွားကြရုံကလွဲပြီး မရှိတော့ပါ။

ဒီလိုနဲ့ မမစကားပြောပြီးနောက် ဒေါ်ခင်နှင်းယုက မိတ်ဆုံစားပွဲဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ပုံ၊ သူငယ်ချင်းအချို့က အလှူငွေများထည့်ဝင်ပုံတွေကိုပြောပြီး လက်ဆောင်တွေ အသီးသီးလဲလှယ်ကြပါတယ်။ ဒီအချိန်မှာပဲ . . . . အဆိုတော်ကြီး မြသက်မူသီဆိုထားတဲ့. . . . . .

**"ထွတ်မြတ်တဲ့စံဌာနီ . . . . . လွတ်လပ်တဲ့ မြန်မာပြည်. . . .**

**(ကြည်း၊ရေ၊လေ )စစ်သမီးမကျန်ရ . . . ဗမာ့တပ်မတော် စုံစုံညီညီ ချီတက်ခါမနေး. . . အလေးပြုကြသည်"** ဆိုတဲ့ **"ဗိုလ်ရှုသဘင်"** သီချင်းသံက ဝင့်ကြွားစွာပေါ်ထွက်လာတော့ . . . အဘွားကြီးတွေရော အဘွားလေးတွေရော မနေနိုင်ကြတော့ဘဲ စင်ပေါ်တက်၍ ဆိုကြ၊ ကကြနဲ့ လွန်ခဲ့တဲ့ နှစ်(၅၀)ကို ပြန်ရောက်သွားကြသလို ခံစားရပြီး တစ်ခန်းလုံး ဆူညံသွားပါတော့တယ်။ ကိုယ်နေဟန်မလှမပ၊ ဝတုတ်ကြီးတွေဖြစ်ပေမယ့် ကွေးနေအောင်ကကြ၊ ဆိုကြတာကိုကြည့်ပြီး ကျွန်မရဲ့ ပစ္ဆိမအရွယ်ကိုပင် မေ့ကာ လက်ခုပ်တွေဝိုင်းတီးကာ အပျော်ကြီးပျော်ခဲ့ရပါတယ်။

အမျိုးသမီးစစ်မှုထမ်းဟောင်း၊ စစ်မှုထမ်းဆဲတွေရဲ့ တွေ့ဆုံပွဲကို ပျိုးထောင်ခဲ့ကြတဲ့ အစ်မကြီးများ၊ ညီမတော်များလည်း သံသရာခရီးရှည်ကြီးကို ထွက်ခွာသွားကြတာ များလှချေပြီ။ ငါတို့ရော ဘယ်တော့လည်း. . လို့ သံဝေဂတွေပွားရင်းနဲ့ အဘွားတို့ရဲ့ (ကြည်း၊ရေ၊လေ) အမျိုးသမီးစစ်မှုထမ်းဟောင်း နှစ်စဉ်တွေ့ဆုံပွဲကို မျိုးဆက်သစ် (ကြည်း၊ရေ၊လေ)အမျိုးသမီးစစ်မှုထမ်းဆဲ မြေးမလေးများက လက်ဆင့်ကမ်းအမွေပခုံးပြောင်းတာဝန်ယူပြီး ဆက်လက်ရှင်သန်သွားကြဖို့ ဖိတ်ခေါ်လျက် မျိုးဆက်သစ် (ကြည်း၊ရေ၊လေ)အမျိုးသမီးစစ်မှုထမ်းများကို ဂုဏ်ပြုကြိုဆိုလိုက်ရပါတယ်. . . .။

**ရေပိုလ်မြ**

## မန္တလေးမြို့တော်ဝန်မီနီမာရသွန်ပြိုင်ပွဲတွင် တားမြစ်ဆေးအသုံးပြုပြီး ယှဉ်ပြိုင်သည့် အားကစားသမားများအား အရေးယူမည်

**မန္တလေး ဇန်နဝါရီ ၇**

ဇန်နဝါရီ ၉ ရက်တွင် ကျင်းပမည့် မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် တားမြစ်ဆေးဝါးများသုံးစွဲကာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းကို စစ်ဆေးတွေ့ရှိပါက ဆုနှင့်ဆုကြေးများကို ပြန်လည်ရုပ်သိမ်းခံရမည်ဖြစ်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ သတ်မှတ်ထားသည့်စည်းမျဉ်း၊ စည်းကမ်းများအတိုင်း အရေးယူသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

ပြိုင်ပွဲတွင် ၁၉၉၅ ခုနှစ်နောက်ပိုင်း ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ပြည်နယ်/တိုင်းဒေသကြီးပြိုင်ပွဲများ၊ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများတွင် မာရသွန်နှင့် မီတာ ၅၀၀၀ နှင့် မီတာ ၁၀၀၀၀ အမျိုးအစားတွင် ဆုရရှိဖူးသူများ၊ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများနှင့် ၁၉၉၅ ခုနှစ် ရန်ကုန်မြို့တော်ဝန်နှင့်မန္တလေးမြို့တော်ဝန်မာရသွန်ပြိုင်ပွဲနှင့် ၂၀၀၆ ခုနှစ် မန္တလေးမြို့တော် မာရသွန်ပြိုင်ပွဲများတွင် ဆုရရှိဖူးသူများသည် လူသစ်တန်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း သိရသည်။

လျှောက်လွှာများကို မြို့တော်စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူးရုံးများ၊ ဗထူးအားကစားပြိုင်ကွင်း၊ မြို့တော်စည်ပင်စီမံရေးရာဌာန၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန (မနော်ရမ္မံပန်းခြံ)၊ စည်ပင်သာယာရေးကော်မတီရုံးရှေ့(ကျုံးဘေး)တို့တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ဇန်နဝါရီ ၈ ရက်အထိ တစ်ဦးလျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ဇန်နဝါရီ ၄ ရက်အထိ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းသူ ၁၀၃၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲကို ၁၉၉၄ ခုနှစ်ကတည်းက စတင်ပြုလုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် မီနီမာရသွန်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ အလွတ်တန်းအမျိုးသား ၄၇ ဦး၊ အမျိုးသမီး ၂၃ ဦး၊ လူသစ်တန်း အမျိုးသား ၁၅၁၇ ဦး၊ အမျိုးသမီး ၇၆၀ နှင့် အမေရိကန်၊ ဂျပန်၊ အင်္ဂလန်တို့မှ နိုင်ငံခြားသားအပြေးသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(အောင်စေပိုင်စေ)**

## အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**တပ်ကုန်း ဇန်နဝါရီ ၇**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော မြို့နယ်အားကစားနှင့် ကာယပညာကော်မတီတို့၏ ပံ့ပိုးမှုဖြင့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က တပ်ကုန်းမြို့နယ် အားကစားကွင်း၌ ကျင်းပခဲ့ရာ ပထမဆုရရှိသော Demo F.C အသင်းကို ငွေသားဆု၊ ဆုတံဆိပ်နှင့် ဆုဖလားကို တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရည်မွန်က ပေးအပ်ချီး မြှင့်ခဲ့ကြောင်း သိရသည်။

**(ဇင်ဘို)**



## လမ်းမတော်ကျုံးကြီးမြောင်းအတွင်း စွန့်ပစ်ပစ္စည်းများဖြင့် ပိတ်ဆို့

**ရန်ကုန် ဇန်နဝါရီ ၇**

အလုံမြို့နယ်နှင့်လမ်းမတော်မြို့နယ်အကြား ရွာသစ်ချောင်းအတွင်းသို့စီးဆင်းသော လမ်းမတော် ကျုံးကြီးရေမြောင်း၏ လမ်းသစ် (မော်တင်)လမ်းဖြတ်ရုံးပေါက်အဝင်တွင် အများပြည်သူများ လွယ်လင့်တကူစွန့်ပစ်သော ရေပေါ်နေသည့် စွန့်ပစ်ပစ္စည်းများပြည့်ကျပ်နေသည်ကို လမ်းသစ်ရိပ်သာ ရေမြောင်းတစ်လျှောက် မြင်တွေ့နေရသည်။

သက်ဆိုင်ရာမှ ဆယ်ယူရှင်းလင်းမှုအားနည်းသဖြင့် ယင်းရေမြောင်းမှ ထွက်ပေါ်လာသောအနံ့အသက်ဆိုးများကို နေ့စဉ်ရှူရှိုက်နေရသဖြင့် ကျန်းမာရေးနှင့်ညီညွတ်မှုမရှိဖြစ်နေရသည်ဟု မြောင်းဘေးရှိတိုက်ခန်းတွင်နေထိုင်သော အငြိမ်းစားအစိုးရဝန်ထမ်းတစ်ဦးဖြစ်သူ ဦးအောင်မြင့်က ပြောသည်။

ရွာသစ်ချောင်းတွင် ရေထိန်းတံခါးတပ်ဆင်ပေးခြင်း၊ ကွင်းချောင်း၊ ဟာဘီချောင်း၊ ရွာသစ်ချောင်းများတွင် မြေထိန်းနံရံအမြင့်များ အသစ်ပြုလုပ်ပေးခြင်းများရှိလာသည်။ ထို့အပြင်လမ်းမတော်မြို့နယ် အနော်ရထာလမ်းတစ်လျှောက် လမ်းတားကပ်တုံးဝါအတန်းများကို သက်ဆိုင်ရာမှ အခါအားလျော်စွာ သန့်ရှင်းရေးများပြုလုပ်ခြင်း၊ နေ့စဉ်နံနက်ပိုင်းတွင် အနေအထားလိုက်လံစစ်ဆေးပြုပြင်ခြင်းများရှိနေဆဲဖြစ်သည်။ အများပြည်သူမြင်ကွင်းဖြစ်သော လမ်းမပေါ်တွင် လုပ်ဆောင်ပေးသကဲ့သို့ မြေထိန်းနံရံအသစ်ပြုလုပ်ပေးထားသော ကျုံးကြီးမြောင်းအတွင်းရှိ မြင်ကွင်းမှာ မတင့်တယ်အရုပ်ဆိုးအကျည်းတန်ပြီး မြောင်းတစ်ဖက်တစ်ချက်ရှိ လူနေရပ်ကွက်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်စေသည်။

မြောင်းအတွင်းမှ ပိတ်ဆို့နေသောရေပေါ်စွန့်ပစ်ပစ္စည်းမျိုးစုံကို အခါအားလျော်စွာ ဆယ်ယူရှင်းလင်းပေးရန်နှင့် လွယ်လင့်တကူစွန့်ပစ်နေမှုများကို တားဆီးပေးရန် လမ်းသစ်ရိပ်သာနှင့် (၄)ရပ်ကွက် မြောင်းဘေးတိုက်ခန်းများတွင် နေထိုင်သူများက မေတ္တာရပ်ခံပြောဆိုနေကြသည်။

**(မောင်စေအောင်)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် မီးလောင်ပါက ၁၉၁ ကို ဆက်သွယ်



၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)ရှိ ရွှေပဲဆီသန့်စက်ရုံ၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၇**

ပွင့်လင်းရာသီရောက်လာသည်နှင့် မီးသတ်ကားသံများ မကြာခဏ ခပ်စိပ်စိပ်ကြားလာနေရသည်။ ညသန်းခေါင်ယံကျော်အချိန် မီးသတ်ကားဥသြဆွဲသံများနှင့်အတူ မီးလောင်မှုဖြစ်ပွားရာအနီးတွင် မီးသတ်အရာရှိတစ်ဦးက လက်အောက်ငယ်သားများကို ညွှန်ကြားရင်း ကိုယ်တိုင်မီးသတ်ပိုက်ကိုစွဲကာ ဝင်ရောက်မီးငြိမ်းသတ်နေသည်။

ထိုမြင်ကွင်းမှာ မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်၌ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက လူနေအိမ်ခုနစ်လုံး မီးလောင်ကျွမ်းခဲ့သည့်ဖြစ်စဉ်တွင် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေခြင်းပင်ဖြစ်သည်။

**အသိပေးနောက်ကျ**

တချို့မီးလောင်မှုဖြစ်စဉ်များတွင် ပတ်ဝန်းကျင်အနေဖြင့် မီးသတ်စခန်းများသို့ အသိပေးအကြောင်းကြားမှုနောက်ကျခြင်း၊ မီးသတ်စခန်းများ၏ ဖုန်းနံပါတ်များကို လူတိုင်းမသိရှိခြင်းများအပြင် မီးသတ်ဆေးဘူးများ အရန်သင့်မရှိခြင်း စသည့်အချက်များကြောင့် မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာချိန်တွင် ငြိမ်းသတ်ရခက်ခဲသည့်အဆင့် အနေအထားမျိုးသို့ ရောက်ရှိနေတတ်သည်။

**မီးပိတ်ပြီးမှထွက်**

အဖြစ်အများဆုံး မီးလောင်မှုမှာ ပေါ့ဆမီးနှင့် ဝါယာရှော့ခ်တို့ကြောင့် ဖြစ်သည်။ ၂၀၁၅ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မီးလောင်မှု ၂၂၄ ကြိမ် ဖြစ်ပွားခဲ့ပြီး ယင်းတို့အနက် လျှပ်စစ်ကြောင့် ၉၉ ကြိမ်နှင့် ပေါ့ဆမှုကြောင့် ၈၈ ကြိမ် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လျှပ်စစ်ကို တွင်ကျယ်စွာအားထားသုံးစွဲနေရသည့် မြို့နေလူတန်းစားများအဖို့မှု သတိကြီးကြီးထားရမည့် ကိစ္စတစ်ရပ်ဖြစ်လာစေသည်။

"အခုဆိုရင် အိမ်တိုင်းလိုလို လျှပ်စစ်ပစ္စည်းတွေ သုံးလာကြတယ်။ သုံးတဲ့အခါမှာလည်း လျှပ်စစ်အားကို အပြိုင်ဆွဲပြီးသုံးကြတော့ ဝါယာကြိုးတွေ ပူလာပြီး မီးလောင်မှုတွေ ဖြစ်ပွားလာကြတယ်။ အကြံပြုချင်တာကတော့ မိမိအိမ်မှာ တပ်ဆင်ထားတဲ့ဝါယာကြိုးတွေကို ဆယ်နှစ်ကျော်ရင် အသစ်လဲသင့်တယ်။ အရည်အသွေးပြည့်တဲ့ လျှပ်စစ်အသုံးအဆောင်ပစ္စည်းတွေကိုသာ သုံးသင့်ပါတယ်။ ကိုင်တွယ်တဲ့နေရာမှာလည်း စနစ်တကျ ကိုင်တွယ်သုံးစွဲပါ။ အပြင်ထွက်မယ်ဆိုရင်လည်း မီးတွေ အားလုံးပိတ်ပြီးမှ ထွက်သင့်ပါတယ်"ဟု လျှပ်စစ်ဝန်ထမ်းအငြိမ်းစားအရာရှိ ဦးဝင်းမောင်က ပြောသည်။

**မီးလုံခြုံရေးစနစ်ကြပ်မတ်ဆောင်ရွက်**

မြို့ကြီးများတွင် အထပ်မြင့်အဆောက်အအုံများ များပြားလာခြင်းက မီးလောင်မှုဖြစ်ပွားရာတွင် ကူးစက်လောင်ကျွမ်းမှုလျော့ပါးလာသော်လည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောက်လုပ်ထားခြင်းမရှိခြင်းတို့ကြောင့် နေထိုင်သူတို့၏ အသက်အန္တရာယ်ကို ထိခိုက်မှုများအထိ ရှိလာခဲ့သည်။

"ဒါဟာ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ သတိထားရမယ့် အချက်ပါပဲ။ တချို့အဆောက်အအုံတွေမှာ အရေးပေါ်လှေကားတွေ မရှိတာမျိုးတွေ့ရတယ်။ ရှိပြန်တော့လည်း အရေးကြုံရင်အသုံးပြုလို့မရတာမျိုး ဖြစ်နေတယ်။ နောက်ဖေးလမ်းကြားကနေ ဝင်ရောက်ငြိမ်းသတ်ဖို့ လွယ်ကူမှုမရှိတော့ ခက်ခဲတဲ့အခြေအနေတစ်ခုပါပဲ။ နောက်ပိုင်းဆောက်တဲ့ အဆောက်အအုံတွေကို မီးဘေးလုံခြုံရေးစနစ်တွေ ထည့်သွင်းဆောက်ဖို့ ကြပ်မတ်ဆောင်ရွက်နေပါတယ်"ဟု ဦးသော်ဒါက ပြောသည်။

အထပ်မြင့်မီးလောင်မှုများတွင် မီးခိုးကြောင့် အသက်ဆုံးရှုံးခဲ့မှုများရှိခဲ့သည်။ ထို့ကြောင့် မီးငြိမ်းသတ်ရာတွင် အသုံးပြုသည့် ကယ်ဆယ်ရေးယာဉ်များတွင် မီးခိုးမှုတ်စက်များ၊ အသက်ရှူကိရိယာများနှင့် အခြားကယ်ဆယ်ရေးပစ္စည်းများ ပါဝင်လာသည်။

**မီးသတ်ဥပဒေနှင့်အညီဆောက်လုပ်**

ထို့အပြင် မီးသတ်တပ်ဖွဲ့အတွက် အထောက်အကူပြုစေမည့် မြန်မာနိုင်ငံမီးသတ်ဥပဒေနှင့် နည်းဥပဒေကို ၂၀၁၅ ခုနှစ်အတွင်း၌ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဆိုပါဥပဒေနှင့်အညီ ယခုအခါ သုံးထပ်နှင့်အထက် အဆောက်အအုံများတွင် မီးငြိမ်းသတ်မှုစနစ်များ ထည့်သွင်းတည်ဆောက်ရန် မြို့နယ်မီးသတ်စခန်းများမှ မြို့နယ်အလိုက် စည်ပင်သာယာရေးကော်မတီအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခေတ်မီမီးသတ်ယာဉ်များဖြည့်တင်း**

မြန်မာနိုင်ငံမီးသတ်အဖွဲ့ဌာနချုပ်အနေဖြင့် ခေတ်မီမီးသတ်ယာဉ်များကို တရုတ်နှင့် ဂျပန်နိုင်ငံတို့မှ ဝယ်ယူဖြည့်တင်းခဲ့သလို အလှူရှင်များ၏ လှူဒါန်းလာမှုများကိုလည်း လက်ခံ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင်ရှိသော မီးသတ်စခန်းများသို့ ပြန်လည်ခွဲဝေပေးလျက်ရှိသည်။ ထို့အတူ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကလည်း လိုအပ်သော မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်နှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများကို ဝယ်ယူဖြည့်တင်းလျက်ရှိခဲ့ကြောင်း သက်ဆိုင်ရာမှ သိရသည်။

"မီးသတ်ကား သွားလို့မရတဲ့ ကျေးရွာလမ်းတွေမှာ မီးသတ်ကားတွေ ချထားပေးတာထက် သုံးဘီးယာဉ်တွေနဲ့ မီးငြိမ်းသတ်မှုစနစ်တွေ၊ ရေနဲ့နီးတဲ့ ရွာတွေကျတော့ မီးသတ်မော်တော်တွေ၊ အပေါ့စားမီးသတ်စက်တွေကို အစီအမံနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်တွေကိုလည်း မီးငြိမ်းသတ်မှုဆိုင်ရာ ကျွမ်းကျင်သင်တန်းတွေဖွင့်ပြီး လေ့ကျင့်ပေးထားပါတယ်" ဟု ဦးသော်ဒါက ဆက်လက်ပြောကြားသည်။

**ကင်မရာများဖြင့် ကြည့်ရှုစောင့်ကြပ်**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်သည် ခေတ်မီမီးငြိမ်းသတ်မှုစနစ်များဖြင့် ဆောင်ရွက်နေပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ခရိုင်လေးခရိုင်၊ မြို့နယ် ၄၅ မြို့နယ်တို့၌ မြို့နယ်မီးသတ်စခန်း ၃၅ ခုနှင့် နယ်မြေမီးသတ်စခန်း ၃၅ ခုတို့ဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဌာနချုပ်တွင် GPS စနစ်နှင့် ချိတ်ဆက်ထားသည့် မီးသတ်ယာဉ်များကို ချထားပြီးဖြစ်ကြောင်း၊ မီးလောင်မှုအခြေအနေကို ဌာနချုပ်ရှိ Command & Control Centre အတွင်းမှ တိုက်ရိုက်ကြည့်ရှုနိုင်ရန် ရန်ကုန်မြို့ရှိ အမြင့်ဆုံးနေရာကြီးရှစ်ခုမှ ကင်မရာများဖြင့် ကြည့်ရှုစောင့်ကြပ်လျက်ရှိပြီး အသစ်ထပ်မံဆောက်လုပ်ပြီးစီးသွားသည့် HAGL အထပ်မြင့် အဆောက်အအုံအပေါ်ထပ်တွင်လည်း ကင်မရာတပ်ဆင်ရန် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

**လက်ဦးမှုရယူ**

"အခုဆိုရင် Command & Control Centre က တစ်ဆင့် မီးခိုးမြင်လို့ အချိန်မီလက်ဦးမှုရယူနိုင်ခဲ့တဲ့အတွက် ကြီးမားတဲ့မီးလောင်မှုအဆင့်ကို မရောက်အောင် ထိန်းချုပ်နိုင်ခဲ့တာတွေရှိတယ်။ အထပ်မြင့်တွေမှာ မီးလောင်မှုဖြစ်ရင် ဘေးအန္တရာယ်မဖြစ်အောင် ကယ်တင်နိုင်တဲ့ယာဉ်တွေလည်း မီးသတ်မှာရှိနေပြီ။ အမြင့်ပေ ၁၂၀ ကျော်လောက်က လူကို ကယ်ဆယ်ပေးနိုင်အောင် ဆောင်ရွက်ထားပါတယ်။ ကယ်ဆယ်ရေးနဲ့ပတ်သက်တဲ့ စွမ်းရည်တွေရှိအောင် စဉ်ဆက်မပြတ် လေ့ကျင့်ပေးပြီး တစ်မြို့နယ်ကို ရှာဖွေကယ်ဆယ်ရေး တပ်စုတစ်စုစီနဲ့ ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်အနေဖြင့် နိုင်ငံတကာရှိ မီးသတ်ဌာနများကဲ့သို့ မီးငြိမ်းသတ်ကယ်ဆယ်ရေးတွင် ရဟတ်ယာဉ်များ အသုံးမပြုနိုင်သေးသော်လည်း အစိုးရကချထားပေးသည့် ဘတ်ဂျက်ငွေများဖြင့် လိုအပ်သောဖြည့်ဆည်းဆောင်ရွက်မှုများ လုပ်ဆောင်နေသကဲ့သို့ အလှူရှင်များ၏ အကူအညီများဖြင့်လည်း စီမံဆောင်ရွက်လျက်ရှိသည်။

**အိမ်တိုင်းမီးသတ်ဆေးဘူးဆောင်သင့်**

"အခုခေတ်မှ မော်တော်ယာဉ်နဲ့ ဆိုင်ကယ်တွေ အိမ်တိုင်းနီးပါး ရှိလာကြတော့ လောင်စာဆီတွေ ရှိနေတတ်တယ်။ ဒါကြောင့် အိမ်တိုင်းမှာမီးသတ်ဆေးဘူးတွေ ပိုပြီးဆောင်ထားသင့်သလို ယာဉ်တွေမှာလည်း အရန်သင့်ဆောင်ထားဖို့လိုတယ်။ ကိုယ်မဖြစ်ရင်တောင် သူများဖြစ်ရင် ကူညီပေးလို့ရပါတယ်။ မီးသတ်အနေနဲ့လည်း မလောင်ခင် ကာကွယ်မယ်။ လောင်တဲ့အခါ အချိန်တိုအတွင်း မီးငြိမ်းသတ်နိုင်အောင် လေ့ကျင့်ထားတယ်။ မီးက မြန်မြန်ငြိမ်းနိုင်လေ ဆုံးရှုံးမှုနည်းလေပါပဲ။ မီးအရမ်းကြီးသွားမှ ငြိမ်းသတ်ရင်အခက်အခဲတွေ ပိုကြုံတွေ့ရတတ်ပါတယ်"ဟု ဦးသော်ဒါက ပြောသည်။

**စနစ်တကျကိုင်တွယ်သုံးစွဲ**

ထို့ကြောင့် ခေတ်မီအိမ်သုံးပစ္စည်းများဖြစ်သည့် အဲကွန်း၊ ရေခဲသေတ္တာ၊ ဂတ်စ်မီးဖိုများ သုံးစွဲခြင်းတို့မှာလည်း မီးလောင်ချိန်တွင် ပေါက်ကွဲမှုဖြစ်စေရန် အခြေအနေပေးသောပစ္စည်းများ ဖြစ်သည့်အတွက် စနစ်တကျသုံးစွဲရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ လုံလောက်စွာ ထားရှိရန်၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို စနစ်တကျကိုင်တွယ်အသုံးပြုရန်၊ မီးသတ်ဆေးဘူးများ၊ အရေးပေါ်ထွက်ပေါက်များ၊ အရေးပေါ်လှေကားများကို ကြံ့ခိုင်မှုရှိရေး ဆောင်ရွက်ထားရန် ၎င်းက ဆိုသည်။

သို့ဖြစ်၍ သင်နှင့် သင့်ပတ်ဝန်းကျင်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ကြရန်နှင့် မီးလောင်မှုဖြစ်ပွားပါက စိတ်ကိုငြိမ်ငြိမ်ထားပါ။ နီးစပ်ရာမီးသတ်စခန်းနှင့် မီးလောင်လျှင် အရေးပေါ်ဖုန်း **၁၉၁** ကို အချိန်မီဖုန်းဆက်အကြောင်းကြားပါ။

**သတင်းဆောင်းပါး-ဇော်ကြီး (ပဏီတ)**
**ဓာတ်ပုံ-ဖေဇော်**

# ယင်းမာပင်ဒေသ ယမားလွင်ပြင်တွင် ယခင်နှစ်ကထက် ကြက်သွန်စိုက်ပျိုးမှုများလာပြီး ဈေးကျမည်ကို စိုးရိမ်နေ



**မုံရွာ ဇန်နဝါရီ ၇**

မည်သည့်အချိန်ကမျှ မရောက်ခဲ့ဖူးသော အမြင့်ဆုံးဈေးသို့ရောက်ရှိခဲ့သည့် ပြည်တွင်းကြက်သွန်နီဈေးကြောင့် နှစ်စဉ်စိုက်ပျိုးခဲ့ကြသည့် တောင်သူဦးရေထက် ယခုနှစ်စိုက်ပျိုးသူတောင်သူဦးရေမှာ ပိုများသကဲ့သို့ စိုက်ဧကမှာလည်း ပိုကျယ်ပြန့်လာသည်။ ယင်းအပြင် လုပ်သားစရိတ်၊ စက်စရိတ်အပြင် နွားချေးစရိတ်များပါ ပြီးခဲ့သည့်နှစ်ထက် ဈေးပိုပေးနေရကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

ယင်းကဲ့သို့ ကြက်သွန်စိုက်ပျိုးရာတွင် ယခင်နှစ်ကထက် ငွေကြေးပိုမိုသုံးစွဲနေရသောကြောင့် စိုက်ပြီးကြက်သွန်များ ရာသီရောက်၍ ဈေးကွက်ပို့ချိန်၌ မထင်မှတ်သော ဈေးအထိ ကျဆင်းသွားမည်ကို ကြက်သွန်စိုက်ပျိုးသည့် တောင်သူများက စိုးရိမ်ပူပန်လျက်ရှိကြကြောင်း ချင်းတွင်းမြစ်အနောက်ဘက် ယင်းမာပင်ဒေသ ယမားလွင်ပြင် ကြက်သွန်စိုက်တောင်သူများက ဆိုသည်။

"ဒီနှစ်ဈေးက မထင်မှတ်လောက်အောင် တက်ထားတော့ အမြတ်များများရထားတဲ့ ကြက်သွန်ပွဲစားတွေက ငွေကြိုထုတ်ပေးပြီး ယမားတောင်သူတွေကို စိုက်စေတာရှိသလို တောင်သူတွေ ကိုယ့်အရင်းအနှီးနဲ့ကိုယ် စိုက်ကြတာတွေလည်းရှိပါတယ်။ ငွေရှိလို့ ထုတ်ပေးထားတာ မထောင်းသာလှပေမယ့် ရှိစုမဲ့စုနဲ့ မဖြစ်မနေလုပ်ကိုင်စားဖို့ ရင်းနှီးကြရတဲ့ တောင်သူတွေအနေနဲ့က စိုက်လို့ထွက်လာချိန် ဈေးကွက်ပို့ချိန်ကျမှ အရင်လို ရာဂဏန်းထိ ဈေးကျသွားမှာ စိုးရိမ်နေရပါတယ်"ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုအချိန်သည် ကြက်သွန်နီစိုက်ရန် ယမားတွင်း သဲသောင်ပြင်မြေများကို ယခင်ကကျွဲ၊ နွားများ အသုံးပြုခဲ့ကြရာမှ ယခုအခါ ထွန်စက်များ ငှားရမ်းဆောင်ရွက်ကြရာ စက်ငှားခ၊ ထွန်ယက်ခ၊ မျိုးဖိုး၊ အလုပ်သမားငှားခ၊ မြေနေရာရရှိရန် ပေးဆောင်ခများ အပါအဝင် မဖြစ်မနေ ထည့်သွင်းရမည့် သဘာဝမြေဩဇာ နွားချေးဈေးပင်လျှင် ယခင်နှစ်ကထက် ဈေးမြင့်တက်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်စိုက်ရန် လုပ်သားငှားရမ်းခမှာ တစ်ဦးလျှင် ကျပ် ၃၀၀၀ မှ ၅၀၀၀ အတွင်းရှိပြီး ထွန်စက်မောင်းသူကို တစ်ရက်လျှင် ကျပ် ၁၀၀၀၀ နှင့် ထမင်းကျွေးစနစ်ဖြင့် ငှားကြရသည်။ နွားချေးမှာ အိမ်သို့သွားဝယ်လျှင် ကျပ် ၆၀၀ ရှိသော်လည်း စိုက်မည့်နေရာအရောက်ပို့စနစ်ဖြင့် ဝယ်ယူလျှင် ကျပ် ၈၀၀ ပေးရကြောင်း သိရသည်။ စိုက်ပျိုးရေနှင့်နီးလျှင် ရေအတွက် စရိတ်သက်သာသော်လည်း စိုက်ရေဝေးလျှင် စက်ငှား၍ ရေတင်ရေဖျန်းခြင်းများကို ပြုလုပ်ကြရရာ ယခင်နှစ်ကထက် စိုက်ပျိုးစရိတ်မှာ သိသာစွာ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ရုံပြိုင်စနစ်ဖြင့် ပြသရာတွင် ဝင်ငွေအခြေအနေပေါ်မူတည်ပြီး ပြသမည့်အချိန်ကာလကို သတ်မှတ်ပေးသွားမည်

မြန်မာရုပ်ရှင်ဇာတ်ကားများကို ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ပြီး အေအုပ်စု၊ ဘီအုပ်စုခွဲခြားကာ ရုံပြိုင်စနစ်ဖြင့် ပြသရန်စီစဉ်ခဲ့ရာ ရုံတင်ကားများ၏ ဝင်ငွေအခြေအနေပေါ်မူတည်ပြီး ပြသမည့်အချိန်ကာလကို သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း ရုပ်ရှင်ပြသရေး ဘွတ်ကင်မန်နေဂျာ ဦးငွေအောင်ထံမှ သိရသည်။

ပြသမည့် အေ၊ ဘီ တန်းစီဇယားရှိ ဇာတ်ကားတိုင်းအတွက် ၎င်းတို့၏ စတင်ပြသပြီး သုံးရက်အတွင်း ဝင်ငွေကိုလည်းကောင်း၊ တစ်ပတ်အတွင်း ဝင်ငွေအပေါ်တွင်လည်းကောင်းမူတည်ကာ ပြသချိန် တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ် စသည်ဖြင့် သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းသို့ ရုံပြိုင်စနစ်ဖြင့် ပြသရာတွင် ထုတ်လုပ်သူနှင့် ရုံပိုင်ရှင်များအတွက် နစ်နာမှုများရှိပါက ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"ဒီစနစ်နဲ့ပြသတဲ့အခါ ထုတ်လုပ်သူတွေ၊ ရုံပိုင်ရှင်တွေဘက်က အဆင်မပြေမှုတွေ၊ နစ်နာမှုတွေရှိရင် ဘယ်လိုပြန်လုပ်ရမလဲဆိုတာ အစည်းအဝေးပြန်လုပ်ပြီး ပြန်တိုင်ပင်ရပါမယ်"ဟု ဦးငွေအောင်က ရှင်းပြသည်။

ဇန်နဝါရီ ၈ ရက်တွင် ရုပ်ရှင်သရုပ်ဆောင် မိုးဟေကို၏ မိုးထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် "ရုံးပတီသီးလေးများ"ဟာသဇာတ်ကားကို စတင်ပြသမည်ဖြစ်ပြီး ယင်းဇာတ်ကားကို သမ္မတ၊ မင်္ဂလာ၊ တော့ရှ်ိုင်ရယ်၊ ဂျန်းရှင်းစကွဲ၊ ဂျန်းရှင်းမော်တင်၊ မန္တလေးဝင်းလိုက်၊ ရွှေဗဟိုမြရတနာ၊ မဟာမြိုင်(အင်းစိန်)နဲ့ နယ်ရုပ်ရှင်ရုံများတွင်လည်း အပြိုင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ရုံပြိုင်စနစ်ဖြင့် အေ၊ ဘီအုပ်စုခွဲ၍ ပြသမည်ဖြစ်ရာ အေအုပ်စုတွင် ယခုပြသမည့် ရုံးပတီသီးလေးများဇာတ်ကား၊ အိဖေကိုတို့ ရွှေကောက်ပွဲဇာတ်ကားနှင့် ဒါရိုက်တာ အဏ်ထော်ဏီ၏ ရောင်နီဦးရဲ့ အလင်းရောင်ဇာတ်ကားများပါဝင်ပြီး ဘီအုပ်စုတွင် ရုံတင်ပြသဆဲဖြစ်သည့် ဒါရိုက်တာဝိုင်း၏ ချစ်လှစွာသော အမုန်းဇာတ်ကား၊ အေဒင်ရဲ့နတ်သမီးဇာတ်ကားနှင့် ရပ်ကွက်ဘုရင်မဇာတ်ကားတို့ ပါဝင်ကြကြောင်း သိရသည်။

ယခုကဲ့သို့ ရုံပြိုင်စနစ်ဖြင့် ပြသခြင်းဖြင့် ရုပ်ရှင်ချစ်ပရိသတ်များအနေဖြင့် ဇာတ်ကားတစ်ကားပြောင်းမှ နောက်တစ်ကားကို စောင့်မျှော်နေရခြင်းမရှိတော့ဘဲ တစ်လလျှင် မြန်မာရုပ်ရှင်ဇာတ်ကား သုံး၊ လေးကားကို ကြည့်ရှုနိုင်မည်ဖြစ်သည့်အတွက် ရွေးချယ်ကြည့်ရှုစရာပိုမိုများပြားလာတော့မည်ဖြစ်ကြောင်း သိရသည်။ **(ဖြိုးစန္ဒာမြင့်)**



# ဆောင်းဟေကိုပါဝင်သည့် "Descendants of the Sun" ထုတ်လွှင့်ပြသမည့်ရက်ကြေညာ

အွန်စောဟုသာ မြန်မာပရိသတ်များရင်ထဲ စွဲထင်နေသော တောင်ကိုရီးယားမင်းသမီးချော ဆောင်းဟေကို ပါဝင်သရုပ်ဆောင်ထားသည့် တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲသစ် "Descendants of the Sun"ကို တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့တွင် တစ်ပြိုင်တည်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ဒရမ်မာဌာနက ဒီဇင်ဘာ ၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

KBS ရုပ်သံလိုင်းက ထုတ်လွှင့်ပြသသွားမည့် ယင်းရုပ်သံဇာတ်လမ်းတွဲသစ်ကို စတင်ပြသမည့်ရက်နှင့် ပတ်သက်၍လည်း ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ယင်းဌာနက ကြေညာခဲ့သည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲသစ်တွင် ဆောင်းဟေကိုသည် မင်းသားဆောင်ဂျွန်ကီနှင့် တွဲဖက်သရုပ်ဆောင်ထားပြီး လူငယ်နှစ်ဦးကြားထားရှိသော အချစ်မေတ္တာတရားကို အဓိကပုံဖော်ရိုက်ကူးထားသည့် ရုပ်ရှင်တစ်ခုလည်းဖြစ်သည်။ ဆောင်းဟေကိုက ဆရာဝန်မလေးတစ်ဦးအဖြစ်လည်းကောင်း၊ ဆောင်ဂျွန်ကီက တပ်မတော်သားတစ်ဦးအဖြစ်လည်းကောင်း ပါဝင်သရုပ်ဆောင်ထားကာ သူတို့နှစ်ဦး၏ ရေခြားမြေခြားတွင် စတင်တွေ့ဆုံကာ ချစ်သူတွေဖြစ်ခဲ့ကြပုံကို ယင်းရုပ်ရှင်တွင် တွေ့မြင်ခံစားကြရမည်ဖြစ်သည်။

ယင်းရုပ်ရှင်ကို ပြီးခဲ့သည့် ၂၀၁၅ ဇွန်လမှ ဒီဇင်ဘာလအထိ ခြောက်လကြာရိုက်ကူးခဲ့ခြင်းဖြစ်သည်။ **(အေးပြည့်)**

# နယ်လှည့်ဖျော်ဖြေပွဲရက် ရွှေ့ဆိုင်းလိုက်တဲ့ ဂျန်းနက်ဂျက်ဆင်



ပေါ့ပ်တေးဂီတလောက၏ ဘုရင်ဟု တင်စားခံရသော အဆိုတော်မိုက်ကယ်လ်ဂျက်ဆင်၏ ညီမဖြစ်သူ ဂျန်းနက်ဂျက်ဆင်သည် ကင်ဆာရောဂါခံစားနေရသည်ဟု ပြီးခဲ့သည့်လအတွင်းက ကောလာဟလသတင်းများ ပေါ်ထွက်ခဲ့ပြီးနောက် ယခုလအစပိုင်းတွင် ခွဲစိတ်ကုသမှုခံယူနေရသည့်အတွက် သူ၏ နယ်လှည့်ဖျော်ဖြေရေး အစီအစဉ်များကို ရွှေ့ဆိုင်းကာ နောင်တွင် အစီအစဉ်အသစ် ပြန်လည်ရေးဆွဲသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ကို အီးအွန်လိုင်း ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ဂျန်းနက်က ခွဲစိတ်ကုသမှုခံယူခဲ့ရသည်ဟု အကြောင်းပြခဲ့သော်လည်း မည်သည့်ရောဂါကြောင့် ယခုကဲ့သို့ ခွဲစိတ်မှုခံယူခဲ့ရသည်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

ထိုသို့ နယ်လှည့်ဖျော်ဖြေပွဲရက် ရွှေ့ဆိုင်းခဲ့ခြင်းနှင့်ပတ်သက်၍ ဂျန်းနက်က "ကျွန်မရဲ့ နယ်လှည့်ဖျော်ဖြေပွဲဟာ ဒီနှစ် နွေဦးမတိုင်မီ မပြုလုပ်နိုင်တော့ကြောင်း ထုတ်ပြန်လိုက်ရတဲ့အတွက် စိတ်မကောင်း ဖြစ်ရပါတယ်။ အစီအစဉ်သစ် ပြန်လည်ရေးဆွဲသွားမှာပါ။ ဒါကြောင့် အခုဝယ်ယူထားကြတဲ့ လက်မှတ်တွေကို လွှင့်မပစ်ဘဲ သိမ်းထားကြပါ။ နောင်ကျင်းပမယ့်ဖျော်ဖြေပွဲမှာ ဒီလက်မှတ်ပိုင်ရှင်တွေအတွက် သီးခြားအစီအစဉ်တွေ ပါရှိမှာပါ"ဟု သူ၏လူမှုကွန်ရက်မီဒီယာမှ တစ်ဆင့် ဖော်ပြခဲ့သည်။

ယခုရွှေ့ဆိုင်းခဲ့သော ဂျန်းနက်၏ နယ်လှည့်ဖျော်ဖြေပွဲသည် ၂၀၁၅ အောက်တိုဘာ ၂ ရက်က နောက်ဆုံးထွက်ရှိခဲ့သော သူ၏ ၁၁ ခုမြောက် စတူဒီယိုတေးအယ်လ်ဘမ် "Unbreakable" အတွက် ပြုလုပ်သည့် ဖျော်ဖြေပွဲဖြစ်သည်။ **(ခင်ခင်သက်)**

# သူငယ်ချင်းကြောင့် ဆေးရုံတက်ခဲ့ရဖူးကြောင်း ဖွင့်ဟလာတဲ့ စတားလုံး

ကြေးစားလက်ဝှေ့ကစားသမားတစ်ဦးဘဝမှ နာမည်ကျော် ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးဖြစ်လာခဲ့သော မင်းသားကြီး ဆိုဗက်စတာဂါးဒန်ဇီယို စတားလုံးက "Rocky IV" ရုပ်ရှင်ရိုက်ကူးခဲ့စဉ်က အတူတွဲဖက်သရုပ်ဆောင်ခဲ့သော မင်းသား ဒေ့ါဖ်လန်းဂရမ်ကြောင့် ဆေးရုံလေးရက်ခန့် တက်ရောက်ခဲ့ရဖူးကြောင်း Tonight Show ရုပ်သံအစီအစဉ်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် (၆၉)နှစ်အရွယ် ကလေးငါးဦး၏ဖခင် မင်းသားကြီးစတားလုံးက ၁၉၈၅ ခုနှစ်က ရိုက်ကူးခဲ့သော အဆိုပါရုပ်ရှင်၏ ရိုက်ကူးရေးတစ်ခုတွင် မင်းသားဒေ့ါဖ်လန်းဂရမ်ထိုးကြိတ်ခဲ့သော ဒဏ်ရာကြောင့် ဆေးရုံသို့ လေးရက်ခွဲခန့် တက်ရောက်ခဲ့ရကြောင်း သူ၏ရိုက်ကွင်းနှင့် ပတ်သက်သည့်အမှတ်တရကို ပြန်ပြောင်းပြောဆိုခဲ့သည်။ ဒေ့ါဖ်လန်းဂရမ်က စတားလုံး၏ ရင်ဘက်ကို ပြင်းပြင်းထန်ထန် ထိုးကြိတ်ခဲ့ပြီးနောက် ယင်းဒဏ်ရာကြောင့် ဆေးရုံတက်ခဲ့ရခြင်းဖြစ်သည်။



စတားလုံးသည် ဟောလိဝုဒ် ရုပ်ရှင်လောကသို့ ၁၉၇၀ တွင် "The Party at Kitty and Stud's" ရုပ်ရှင်ဖြင့် စတင်ဝင်ရောက်ခဲ့ပြီး သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာလမ်းကြောင်းပေါ် မလျှောက်လှမ်းမီက ကြေးစားလက်ဝှေ့ကစားသမား ရော်ကီဘောလ်ဘိုအာအဖြစ် နာမည်ကျော်ခဲ့သူတစ်ဦး ဖြစ်သည်။ သူသည် "Rambo"ရုပ်ရှင်များတွင် ပါဝင်သရုပ်ဆောင်ခဲ့သော အဓိကဇာတ်ဆောင် ဂျွန်ရမ်ဘိုအဖြစ်လည်း လူသိများပြီး လတ်တလောတွင် ဟောလိဝုဒ်၏ အနုပညာလောက၌ သရုပ်ဆောင်၊ ဇာတ်ညွှန်းဆရာ၊ ထုတ်လုပ်သူနှင့် ဒါရိုက်တာတစ်ဦးအဖြစ် ရပ်တည်လှုပ်ရှားလျက်ရှိသည်။ **(ခင်ခင်သက်)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၈ - ၁ - ၂၀၁၆ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် |
| | အလက်ာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁၄) |
| ၆း၂၅ | ပြည်သူ့နီတိ "မိမိနေအိမ်ကို တည်ဆောက်ကြသူများ" (ဒုတိယပိုင်း) |
| ၆း၄၀ | ရောင်စုံရေးသီတေးပန်းချီ |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၃၆) |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၇၅) |
| ၈း၃၅ | မှတ်မှတ်သားသားပုံပြင်များ "အတုံ့အလှည့်" (ထက်နေချမ်း၊ ဟိန်းရှိုင်း) [ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)] |
| ၉း၀၅ | တေးဂီတအစီအစဉ် |
| ၉း၂၀ | "ထာဝရမိတ်ဆွေဖြစ်ပါစေ" |
| ၁၀း၀၀ | ASEAN China Cultural Show |
| ၁၀း၂၀ | မြန်မာဗွီဒီယိုဇာတ်လမ်း "မြစ်တစ်စင်း၏ ပုစ္ဆာ" (ရဲတိုက်၊ ရန်အောင်၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-မောင်တင်ဦး) |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## မြန်မာ့ရုပ်မြင်သံကြား New Channel

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၁း၃၅ | သိပ္ပံနှင့်နည်းပညာအစီအစဉ် |
| ၁၂း၅၀ | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄) |
| ၁း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၆၃) |
| ၂း၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၄၃) |
| ၂း၄၀ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ [တူးတူး(မြန်မာ)နှင့်အကီဝပ် (အမေရိကန်)] |
| ၃း၃၅ | ဉာဏ်ရည်ချင်းပြိုင် ဘယ်သူနိုင် |
| ၄း၃၅ | Weekly Sports Info |
| ၅း၃၅ | Hyper Sports |
| ၆း၃၅ | The Farmer |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၄၄) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း |
| | ၂၀၁၅-၂၀၁၆ ခုနှစ်အားကစား ကာယသိပ္ပံကျောင်းများ၏ အားကစားပြိုင်ပွဲများ |
| | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၆၄) |
| | ချစ်သောဤကမ္ဘာမြေ သမိုင်းကိုဖော်ပြသော ဝါကျများ "လူရွှင်တော်ကြီးဦးပလာတာနှင့် တွေ့ဆုံခြင်း" (အပိုင်း-၁) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ် |
| ၅း၄၀ | "ဘဝအရှိကို ဝိပဿနာအသိဖြင့် အားထုတ်ခြင်း"တရားတော် [ဒေါက်တာအရှင်ကိတ္တိဗလ (သီတဂူကထိက)] |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၅) |
| ၈း၀၀ | Morning Show |
| ၉း၃၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၈၈) |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၁၅ | Food & Decor |
| ၁၁း၄၀ | MRTV-4 Stage |
| ၁၂း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၂) |
| ၁၂း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (Hallmark Physiotherapy Center Myanmar Grand Opening) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၃၃) |
| ၂း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၅) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၆) |
| ၇း၁၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၃၄) |
| ၈း၁၀ | ရသစုံညွှန်တမ်းများ |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၈၉) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၃) |
| ၉း၅၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၀ | MRTV-4 Stage |
| ၁၀း၃၅ | World of Knowledge (Naked Science : Star Clock) |

## mitv

| | |
|---|---|
| 07:27 | The Beauty In The North Of Myanmar |
| 07:43 | Writer |
| 07:50 | Wet Markets in Yangon: Shwe Pa Dauk Fish Market |
| 08:26 | SHWE SETTAW (Minbu) |
| 08:44 | Myanma Agarwood |
| 09:26 | Tigers, Lions and The Guardians |
| 09:36 | Jeyyanandi (A Day in the Life of a Nun) |
| 09:53 | The Pride of Myanmar "Traditional Handicraft" |
| 10:26 | Gold: King Of All Metals |
| 10:57 | Kid's Home |
| 07:26 | Myanmar's Traditions and Culture "The Golden Land" |
| 07:45 | YUFL |
| 08:26 | Architect: U Thaw |
| 08:51 | Chaung Tha Souvenir Business |

# မက်ဆီ၏တန်ဖိုး ယူရိုသန်း ၂၅၀ ဖြင့် ထိပ်ဆုံး၌ ရပ်တည်ခဲ့သော်လည်း တိုက်စစ်မှူးစီရိုနယ်လ်ဒိုမှာ အေဒင်ဟာဇက်ထက်ပင် တန်ဖိုးလျော့ကျနေ



စီအိုင်အီးအက်စ် ဘောလုံးသမားများ၏ တန်ဖိုးဆိုင်ရာလေ့လာမှုစစ်တမ်းတစ်ခုအရ ယခု အပြောင်းအရွှေ့ဈေးကွက်တွင် ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီသည် ယူရိုသန်း ၂၅၀ ထိ တန်ဖိုးရှိခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုမှာ ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက် ထက်ပင် တန်ဖိုးလျော့ကျခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ယူရိုသန်း ၁၀၀ နှင့်အထက် တန်ဖိုးရှိသည့် ကစားသမားများမှာ မက်ဆီ၊ နေမာ၊ ဟာဇက်နှင့် စီရိုနယ်လ်ဒိုတို့ဖြစ်ပြီး ယူရိုသန်း ၈၀ နှင့်အထက် တန်ဖိုးရှိသည့် ကစားသမားများမှာ ဟယ်ရီကိန်း၊ စတာလင်း၊ ဂရစ်ဇ်မန်း၊ ဆွာရက်ဇ်၊ အဂူရိုနှင့် ဆန်းချက်ဇ်တို့ဖြစ်ကြောင်း ဖော်ပြထားသည်။

ယူရိုသန်း ၇၀ နှင့်အထက် တန်ဖိုးရှိသည့် ကစားသမားများစာရင်းတွင် မာရှယ်လ်၊ ပေါ့ဘာ၊ ဒီဘရူနီ၊ ကော်တင်ဟိုနှင့် သောမတ်စ်မူလာတို့ ပါရှိနေသည်။ ယူရိုသန်း ၆၀ နှင့်အထက် တန်ဖိုးရှိသည့် ကစားသမားများမှာ လီဝမ်ဒေါစကီး၊ ဂါရတ်ဘေးလ်၊ လူကာကူ၊ ဒီယေဂိုကော်စတာ၊ ဒိုင်ဘာလာ၊ အစ္စကိုတို့ဖြစ်သည်။

ယူရိုသန်း ၅၀ နှင့်အထက် တန်ဖိုးရှိသည့် ကစားသမားများအဖြစ် ဖာဘရီဂတ်စ်၊ ဟီဂူအင်၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ တိုနီခရူးစ်၊ ဗာရက်တီ၊ အိုဇေးလ် နှင့် ဘတ်စကွက်တို့ကို ဖော်ပြထားပြီး ယူရိုသန်း ၄၀ အထက်တန်ဖိုးရှိသည့် ကစားသမားမှာ ၂၂ ဦးအထိရှိခဲ့သည်။ အဆိုပါကစားသမားများမှာ အိုင်ကာဒီ၊ ကိုကီး၊ ဒီပေး၊ ဗာရာနီ၊ အဲရစ်ဆင်၊ ကော်တိုရစ်၊ အီမာရီကန်၊ ဒေါ့ဆန်းတို့စ်၊ အော့ဘာမီယန်၊ ပက်ဒရိုရိုဒရီဂွက်ဇ်၊ ဝီလီယံ၊ မာတစ်၊ ဘင်ဇီမာ၊ ဒေါက်ဂလက်ကော်စတာ၊ ကာဇိုလာ၊ အန်ဒါဆန်၊ ဖာမီနို၊ မာရတ်ဇ်၊ အော့တမန်ဒီ၊ ရာကီတစ်နှင့် ရမ်ဆေးတို့ဖြစ်ကြသည်။

ယူရို ၃၅ သန်းအထက်တန်ဖိုးရှိသည့် ကစားသမားအဖြစ် ဘာကလေ၊ ဆာဒီယိုမာနီ၊ မိုရက်တာ၊ ဘိုတန်၊ ဒေးဗစ်အာလာဘာ၊ ဒေးဗစ်ဒီဂီယာ၊ ဒေးဗစ်ဆေးလ်ဗား၊ ဂွန်စတုန်း၊ မိုဟာမက်ဆာလာ၊ ဒီမာရီယာ၊ အယ်လ်ကာဆာ၊ မီရာလမ်ဂျန်းနစ်၊ ဂေါ့ဇီနှင့် ဆွန်ဟောင်မင်တို့ကို ဖော်ပြထားသည်။

ယူရိုသန်း ၃၀ နှင့်အထက် တန်ဖိုးရှိသည့် ကစားသမားများမှာ ဒါလေဘလိုင်း၊ ကာဗာနီ၊ ဒီလီအယ်လ်လီ၊ ချူအာ၊ ဇရစ်ဒိုင်ယာ၊ ရှကိုဒရန် မက်တူဖီ၊ အန်ဒရီဂိုမက်ဇ်၊ နိုင်ဂိုလန်၊ မာကိုရူးစ်၊ စမောလင်း၊ ဘယ်လာရင်၊ ဇူးမား၊ လာမယ်လာ၊ ကယ်ဟာနော့လူး၊ ကာရက်ကို၊ ကိုဗာဆစ်၊ လူးကက်မူရာ၊ ချန်ဘာလိန်း၊ ဘန်တီကီ၊ မာတာ၊ မာဆယ်လို၊ ဘာနာဒိုဆေးလ်ဗား၊ ဘိုချူစီ၊ လာကာဇက်တီ၊ ဖီးဂျူးစ်၊ ပီကေး၊ ရှက်ဇေး၊ ဂျိုးဟက်တို့ဖြစ်ပြီး ယူရိုသန်း ၃၀ အောက် တန်ဖိုးရှိသည့် ကစားသမားများမှာ ဘိုနီ၊ ဖလော်ရန်ဇီ၊ အယ်လ်ဒါဝီး၊ မန်ဂါလာ၊ ဂိုဒင်၊ ဂျေမီနက်ဇ်၊ အေအိုအက်စ်၊ ကားလို့စ်ဘက်ကာ တို့ဖြစ်သည်။

စီအိုင်အီးအက်စ်၏ လေ့လာချက်အရ ကမ္ဘာ့အကောင်းဆုံးကစားသမားဟု မှတ်တမ်းဝင်ခဲ့သည့် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ယူရို ၁၁၄သန်းသာ တန်ဖိုးရှိခဲ့သော်လည်း ချယ်လ်ဆီး တိုက်စစ်မှူးဟာဇက်ထက် တန်ဖိုးလျော့ကျခဲ့ပြီး ဟာဇက်မှာ ယူရိုသန်း ၁၃၀ အထိတန်ဖိုးရှိခဲ့ကြောင်း ဖော်ပြထားသည်။ ထို့ပြင် တိုက်စစ်မှူး ရွှန်းနီသည်လည်း မန်ယူကစားဖော်များဖြစ်ကြသည့် ဒီပေး၊ ဒီဂီယာ၊ ဒါလေဘလိုင်း၊ စမောလင်း၊ မာတာ၊ ဖီးလ်ဂျုံးစ်တို့ထက် တန်ဖိုးလျော့နည်းခဲ့ကြောင်း ရေးသားဖော်ပြထားသည်။ **(ငွေကြယ်)**

# ဂွါဒီယိုလာအား အရခေါ်ယူရန် ချယ်လ်ဆီးကြိုးပမ်း

မန်စီးတီးအသင်းသည် ဂွါဒီယိုလာအား ခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်နေသော်လည်း ၎င်းနည်းပြအား စတန်းဖို့ဒ်ဘရစ်ချ်သို့ အရောက်ခေါ်ယူရန် ကြိုးပမ်းမှုကိုမူ ချယ်လ်ဆီးဘက်မှ လက်လျှော့မည်မဟုတ်ကြောင်း ချယ်လ်ဆီး တာဝန်ရှိသူများ၏ ပြောကြားချက်ကို ရည်ညွှန်းကာ ဂိုးလ် ဒေါ့ကွန်းက ဖော်ပြသည်။ ပြီးခဲ့သည့် ဒီဇင်ဘာတွင် ဂွါဒီယိုလာက ဘိုင်ယန်မှ ထွက်ခွာတော့မည်ဟု အတည်ပြုခဲ့ရာ ပရီမီယာလိဂ်အင်အားကြီးအသင်းများက ၎င်းအား ခေါ်ယူရန် အရှိန်မြှင့်ကြိုးပမ်းနေကြခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၄ ရက်ကပင် ဂွါဒီယိုလာက ပရီမီယာလိဂ်၏ စိန်ခေါ်မှုများအား ရင်ဆိုင်ရန် အသင့်အနေအထားရှိနေပြီဟု ပြောကြားခဲ့သောကြောင့် ပရီမီယာလိဂ်သို့သာ အခြေချမည်မှာ ရာနှုန်းပြည့်နီးပါးသေချာနေခဲ့ပြီဖြစ်သည်။ လောလောဆယ်တွင် ဂွါဒီယိုလာအား ခေါ်ယူရန် မန်စီးတီး၊ ချယ်လ်ဆီးတို့က တောက်လျှောက်ချိတ်ဆက်နေပြီး မန်စီးတီးသို့ ပြောင်းရွှေ့ရန် ပိုမိုအလားအလာများနေသည်ဟု သိရသည်။

Evening Standard ၏ ဖော်ပြချက်အရ ချယ်လ်ဆီးသည် ဂွါဒီယိုလာအတွက် မန်စီးတီးမှ ကမ်းလှမ်းသည့် မည်သည့် လုပ်ခလစာထက်မဆို ပိုမိုပေးချေမည်ဖြစ်ပြီး ၎င်းအလိုရှိသမျှ ကစားသမားစာရင်းအတွက်လည်း ငွေကြေးလိုသလောက် ထုတ်ပေးမည်ဖြစ်သည်။ ချယ်လ်ဆီး ပိုင်ရှင် ရိုမန်အေဗရာမိုဗစ်ချ်က ဂွါဒီယိုလာအား ခေါ်ယူရန် ၂၀၁၃ ခုနှစ်ကတည်းက ကြိုးပမ်းခဲ့သော်လည်း သဘောတူညီချက်မရရှိခဲ့၍သာ မော်ရင်ဟိုအားခေါ်ယူခဲ့ရခြင်းဖြစ်ရာ ယခုတစ်ကြိမ်တွင် မည်သည့်အကြောင်းနှင့်မျှ လက်လွှတ်ခံမည်မဟုတ်ကြောင်းလည်း အဆိုပါသတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။ **(မေလှဲ့သင်း)**

# ဂျာနူဇက်ကို မန်ယူပြန်ခေါ်မည်

မန်ယူအသင်းသည် ဒေါ့မွန်တွင် အငှားချထားသည့် ကစားသမား ဂျာနူဇက်အား ပြန်လည်ခေါ်ယူရန် ဆွေးနွေးခဲ့ရာ ဒေါ့မွန်ဘက်မှလည်း လက်ခံသဘောတူခဲ့ကြောင်း သိရသည်။ မန်ယူမှာ ဂျာနူဇက်အား ကာလကြာရှည် စာချုပ်ဖြင့် အငှားချ ကစားစေခဲ့သော်လည်း ဒေါ့မွန်တွင်လည်း ပုံမှန်ပွဲထွက်ကစားခွင့်နည်းပါး နေသောကြောင့် ယခုကဲ့သို့ ပြန်လည် ခေါ်ယူရန် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဂျာနူဇက်နှင့် ပတ်သက်သည့် နှစ်ဖက်အသင်းကြား ဆောင်ရွက်ရမည့် စာရွက်စာတမ်းကိစ္စရပ်မှာ အချိန်ယူရန် မလိုအပ်သောကြောင့် တရားဝင် ကြေညာချက်တစ်ရပ်ကို ယနေ့ (ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်း) အချိန်တွင် ထုတ်ပြန်နိုင်မည်ဖြစ်သည်။ ပြီးခဲ့သည့် ဩဂုတ်လကတည်းက ဒေါ့မွန်သို့ ပြောင်းရွှေ့သွားခဲ့သူ ဂျာနူဇက်မှာ ယခုနှစ်ရာသီတွင် ငါးပွဲသာ ဝင်ရောက်ကစားခွင့်ရသေးသည်။

ယင်းကဲ့သို့ ပုံမှန်ပွဲထွက်ကစားခွင့် နည်းပါးမှုက အသက်(၂၀)အရွယ် ဂျာနူဇက်အား အတွေ့အကြုံသစ်များ ရရှိရန် ရည်ရွယ်ထားသည့် မန်ယူ တာဝန်ရှိသူများအတွက် စိတ်ပျက်စရာ ဖြစ်ခဲ့ရသည်။ နည်းပြဗန်ဟားလ်မှာ အသင်းမှ ထွက်ခွာခွင့်ပေးခဲ့သည့် ဟာနန်ဒက်ဇ်၏ ခြေစွမ်းပြသမှုကြောင့် ဝေဖန်ခံနေရရာ ဂျာနူဇက်အား ပြန်လည်ခေါ်ယူခြင်းက တိုက်စစ် ရွေးချယ်စရာ တစ်ခုထပ်တိုးလာမည်ဖြစ်၍ ဖိအားအနည်းငယ်လျော့သွားမည်ဖြစ်သည်။ အကယ်၍ ဂျာနူဇက် မန်ယူသို့ ပြန်လည်ရောက်ရှိလာခဲ့လျှင်လည်း နောက်ထပ်အသင်းသစ်တစ်သင်းသို့ အငှားထပ်ချမည် မချမည်ဆိုသည်ကို အသေးစိတ် မသိရှိကြောင်းလည်း အင်ဒီပန်းဒင့်န်အွန်လိုင်းက ဖော်ပြသည်။

**ဘာစီလိုနာ-ဂရန်နာဒါ ည ၉း၃၀ (၉-၁-၁၆)**

ဘာစီလိုနာဟာ ရှေ့ပွဲစဉ်ဖြစ်တဲ့ ပွဲစဉ်(၁၈) မှာ အက်စ်ပန်ညိုနဲ့ သရေကျခဲ့ရတာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိရေးအတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဂရန်နာဒါကတော့ တန်မဆင်းရရေးအတွက် အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါတယ်။ ဘာစီလိုနာပဲ အနိုင်ရသွားမှာ သေချာပါတယ်။

**ဂီတာဖေး-ဘက်တစ် ည ၁၁း၄၅ (၉-၁-၁၆)**

ဂီတာဖေးက ခြေစွမ်းပိုင်းတည်ငြိမ်မှုအနည်းငယ် အားနည်းနေပါတယ်။ တိုက်စစ်ပိုင်းက အစဂိုးသွင်းခြေ တည်ငြိမ်မှုမရှိပါဘူး။ ဒါပေမယ့် ဂီတာဖေးဟာ အမှတ်လိုအပ်နေတဲ့အတွက်ကြောင့် အိမ်ကွင်းမှာ အများအယွင်းအဖြစ်ခံမှာ မဟုတ်သလို ဘက်တစ်ကလည်း ခြေစွမ်းပိုင်း ပျက်ယွင်းနေတဲ့အသင်းဖြစ်ပါတယ်။ ဂီတာဖေးကပ်နိုင်မယ်။

**ဆီဗီလာ-ဘီဘာအို ည ၁၁း၄၅ (၉-၁-၁၆)**

ဆီဗီလာက အခုနောက်ပိုင်းမှာ ကစားပုံကောင်းမွန်လာတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် ဆီဗီလာဟာ အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် ကစားပုံရော ထိုးဖောက်အားပါကောင်းမွန်မှုပိုရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် လက်ရှိခြေစွမ်း မဆိုးပေမယ့် အဝေးကွင်းအားနည်းတတ်တဲ့ ဘီဘာအိုကို ထိန်းချုပ်အနိုင်ကစားသွားနိုင်မှာပါ။

**ရီးယဲလ်-ဒီပို့တီဗို နံနက် ၂း၀၀ (၁၀-၁-၁၆)**

ဒီပို့တီဗိုရဲ့ ခြေစွမ်းပိုင်းက မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ အိမ်ကွင်း၊ အဝေးကွင်းမရွေး ကစားပုံကောင်းမွန်တတ်တာကို သတိပြုရမှာပါ။ ဒါပေမယ့် ရီးယဲလ်မက်ဒရစ်ရဲ့ခြေကလည်း ဒီနောက်ပိုင်းမှာ ကောင်းမွန်မှုရှိနေသလို ဘာစီလိုနာကို ဖိအားပေးနိုင်ဖို့အတွက်လည်း အမှားခံမှာမဟုတ်ပါဘူး။ ရီးယဲလ်မက်ဒရစ်ကသာ နိုင်ပွဲရယူသွားမှာပါ။

**လီဗန်တေး-ဗယ်လက်ကာနို နံနက် ၃း၃၅ (၁၀-၁-၁၆)**

လီဗန်တေးရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေ များလွန်းနေပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက အဆုံးသတ်အားနည်းလွန်းတာကြောင့် အနိုင်ရလိုစိတ်နဲ့ တိုက်စစ်ဖွင့်ကစားရင် ဗယ်လက်ကာနိုရဲ့ တန်ပြန်ထိုးစစ်ဒဏ်ကို ခံရနိုင်ပါတယ်။ ဒါပေမယ့် ဗယ်လက်ကာနိုရဲ့ခြေကလည်း သာမန်သာရှိလို့ လီဗန်တေး သရေလောက်တော့ရမှာပါ။

## ရီးယဲလ်နည်းပြသစ် ဇီဒန်း ဘာလုပ်ပြနိုင်မလဲဆိုတာ စောင့်ကြည့်ရမယ့်

## စပိန်လာလီဂါ ရင်ခုန်သံ – ၁၉

*စပိန်လီဂါပြိုင်ပွဲရဲ့ ပွဲစဉ် ၁၉ကို လာမယ့် ဇန်နဝါရီ ၉၊ ၁၀၊ ၁၁ရက်နေ့တွေမှာ ကျင်းပပြုလုပ်သွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ ပွဲစဉ် ၁၇ တုန်းက အက်စ်ပန်ညိုကို သရေသာကစားနိုင်ခဲ့တဲ့ ဘာစီလိုနာအနေနဲ့ အိမ်ကွင်းမှာ ဂရန်နာဒါကို အနိုင်ကစားသွားနိုင်ဖို့ကတော့ သေချာနေပါတယ်။*

*နည်းပြသစ် ဇီဒန်း ဘာလုပ်ပြနိုင်မလဲဆိုတာကို စောင့်ကြည့်ချင်စရာ ကောင်းပါတယ်။*

**ရှိုင်းမင်းမင်း**



**ဗီလာရီးယဲလ်-ဂီဂွန် ညနေ ၅း၃၀ (၁၀-၁-၁၆)**

ဗီလာရီးယဲလ်ဟာ အခုနောက်ပိုင်းကစားပုံကောင်းမွန်နေတယ်လို့ ဆိုနိုင်ပါတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေထင်သလောက်မတည်ငြိမ်ပေမယ့် ခံစစ်ကစားပုံကတော့ ကောင်းမွန်မှုရှိသလို အိမ်ကွင်းခြေက ပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါကြောင့် ခြေသာမန်သာရှိတဲ့ ဂီဂွန်ကို အနိုင်ကစားသွားနိုင်မှာ သေချာနေပါတယ်။

**ဆိုစီဒက်-ဗလင်စီယာ ည ၉း၃၀ (၁၀-၁-၁၆)**

နည်းပြသစ် ဂယ်ရီနေဗီးလ်လက်ထက်မှာ ဗလင်စီယာဟာ ထင်ထားသလောက် ခြေစွမ်းကောင်းမွန်လာခြင်း မရှိသေးပါဘူး။ ဒါ့အပြင်ဗလင်စီယာဟာ အဝေးကွင်းပွဲစဉ်တွေမှာဆိုရင် ကစားပုံက ပိုမိုကျဆင်းတတ်ပါတယ်။ ဆိုစီဒက်ကလည်း အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံမာလို့ ဗလင်စီယာနိုင်ရင်တောင် ပြတ်သားဖို့ လုံးဝမရှိပါဘူး။

**အီဘား-အက်စ်ပန်ညို ည ၁၁း၄၅ (၁၀-၁-၁၆)**

ဘာစီလိုနာကို သရေကစားသွားတဲ့ အက်စ်ပန်ညိုရဲ့ခြေက အတော်လေးကောင်းမွန်ပါတယ်။ အဆိုပါ သရေပွဲကြောင့်လည်း အက်စ်ပန်ညိုကို စိတ်ဓာတ်ပိုင်း အတော်လေးအားကောင်းနေနိုင်လို့ အဝေးကွင်းဖြစ်ပေမယ့် ခြေစွမ်းပိုင်းအားနည်းတဲ့ အီဘားကို ထိန်းချုပ်သွားနိုင်မှာ သေချာပါတယ်။ အက်စ်ပန်ညိုအတွက် သရေအနိမ့်ဆုံးပါ။

**လက်စ်ပဲလ်မက်စ်-မာလာဂါ ည ၁၁း၄၅ (၁၀-၁-၁၆)**

မာလာဂါက အခုနောက်ပိုင်းမှာ ကစားပုံကောင်းမွန်လာတယ်လို့ ဆိုနိုင်ပါတယ်။ မာလာဂါအနေနဲ့ အဝေးကွင်း ကစားပုံကျဆင်းတတ်တယ်ဆိုပေမယ့်လည်း လက်စ်ပဲလ်မက်စ်ရဲ့ခြေက တည်ငြိမ်မှုအားနည်းပါတယ်။ ဒါကြောင့် လက်စ်ပဲလ်မက်စ်တို့ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားသွားမှာဖြစ်ပေမယ့် မာလာဂါရဲ့ ကစားအားကြောင့် သရေကျဖို့များတယ်။

**ဆယ်လ်တာဗီဂို-အက်သလက် နံနက် ၂း၀၀ (၁၁-၁-၁၆)**

ဆယ်လ်တာဗီဂိုက ကစားပုံမဆိုးဘူးဆိုပေမယ့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေတည်ငြိမ်မှု အနည်းငယ်အားနည်းလာတာတွေ့ရပါတယ်။ ဒါကြောင့် ကစားပုံကောင်းမွန်နေတဲ့ အက်သလက်တီကိုရဲ့ ခံစစ်ဇုန်ကို ဖိအားပေးကျော်ဖြတ်နိုင်ဖို့က ထင်သလောက် မလွယ်လှပါဘူး။ အသင်းလိုက်ကစားပုံပိုကောင်းတဲ့ အက်သလက်တီကိုပဲ ကပ်နိုင်မယ်။

မှုခင်း

# ခရီးသည်တင်ယာဉ်နှင့် ၁၂ ဘီးကုန်တင်ယာဉ် မျက်နှာချင်းဆိုင်တိုက်မိ ခရီးသည်တင်ယာဉ်မောင်းသေဆုံးပြီး ခရီးသည် ခုနစ်ဦး ဒဏ်ရာရ



**တောင်ငူ ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ် ရန်ကုန်-မန္တလေးကားလမ်းတွင် ဇန်နဝါရီ ၅ ရက် နံနက် ၇ နာရီခန့်က ခရီးသည်တင်ဒိုင်နာယာဉ်နှင့် ၁၂ ဘီးကုန်တင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ တစ်ဦးသေဆုံး၍ ခရီးသည် ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း မြောက်မှတောင်သို့ နွားထိုးကြီးမြို့နယ် ပြင်စီကျေးရွာနေ ယာဉ်နောက်လိုက် ရှမ်းကြီး(ခ)ရဲမင်းထွန်း မောင်းနှင်ပြီး နောက်ခန်းတွင် မြစ်သားမြို့နယ် တောင်ပင်ထက်ရပ်နေ ယာဉ်မောင်း ဝင်းမျိုးသန်း လိုက်ပါလာသည့် နီဆန်း ၁၂ ဘီး ကုန်တင်ယာဉ်နှင့် မျက်နှာချင်းဆိုင်ဘက်မှ အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ ဈေးလမ်းနေ ဦးကျင်းလုံ မောင်းနှင်ပြီး ယာဉ်ပေါ်၌ အမျိုးသားခုနစ်ဦး လိုက်ပါလာသော ၄ခ/-----ကင်တာဒိုင်နာယာဉ်တို့ ကေတုမတီမြို့ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၈၆/ ၁-၂) အကြားတွင် အရှိန်လွန်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဒိုင်နာခရီးသည်တင်ယာဉ်မောင်း ဦးကျင်းလုံတွင် ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ခရီးသည် ခုနစ်ဦးတွင် ဒဏ်ရာများ ရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကေတုမတီမြို့သစ် နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဝိုင်းမော်မြို့နယ်တွင် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၄ ရက်က ဆဒုံးမှ ဝိုင်းမော်ဘက်သို့ တူးဂျာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်း ၁၄ ဒသမ ၄ ကီလိုကို လည်းကောင်း၊ ဇန်နဝါရီ ၃ ရက်က ကျိုင်းတောင်းမြို့ ရပ်ကွက် (၁)နေ မနန်းနု၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၄ ပြားနှင့် ငွေကျပ် ၉၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မိုးမိတ်မြို့ လက်ခုတ်တန်းရပ်ကွက်နှင့် ဒေါင့်ကြီးကျေးရွာ သွားကားလမ်း နမ့်မိတ်ချောင်းဘေးတွင် ဇေယျာထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆ ပြားနှင့် ဘိန်းဖြူသုည ဒသမ ၀၀၁၃ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ခရမ်းမြို့နယ်အတွင်း စက်ဘီးခိုးယူသူအား ဖမ်းဆီးအရေးယူ

**ခရမ်း ဇန်နဝါရီ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့မ ရဲစခန်းမှ နယ်ထိန်းအရာရှိ ဒု-ရဲအုပ် ဇင်ဘိုဘိုထွန်းနှင့်အဖွဲ့သည် လှည့်ကင်းဆောင်ရွက်နေစဉ် ဇန်နဝါရီ ၅ ရက် ညနေ ၆ နာရီခန့်က ခရမ်းမြို့ အမှတ် (၃)ရပ်ကွက် (၁)လမ်းအတွင်း စက်ဘီးတွန်းလာသည့် ကရင်ကန်ကျေးရွာနေ ဉာဏ်လင်းအောင်အား စစ်ဆေးရာ ၎င်းစက်ဘီးအား ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် ခရမ်းမြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့သည်။

၎င်းအား ဆက်လက်စစ်ဆေးရာမှ ခရမ်းမြို့အမှတ် (၃ /၄ /၅)ရပ်ကွက်များမှ ခိုးယူခဲ့သော စက်ဘီးခြောက်စီး ထပ်မံပေါ်ပေါက်ခဲ့သဖြင့် ရောင်းချပေါင်နှံထားရှိသည့် သက်သေခံစက်ဘီးများအား လိုက်လံသိမ်းဆည်းပြီး ကရင်ကန်ကျေးရွာနေ ဉာဏ်လင်းအောင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# ထော်လာဂျီယာဉ် ဘရိတ်ပေါက်ပြီး တိမ်းမှောက်၍ သေဆုံး၊ ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ် ဟဲဟိုးမြို့အထွက် တောင်ကြီး-ရန်ကုန်သွားပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၉၆/၀)တွင် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီခန့်က ထော်လာဂျီယာဉ် ဘရိတ်ပေါက်ပြီး တိမ်းမှောက်ခဲ့သဖြင့် ခရီးသည်တစ်ဦးသေဆုံးပြီး ၃၂ ဦးတွင် ဒဏ်ရာများရရှိခဲ့ကြောင်း ဟဲဟိုးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က အဆိုပါလမ်းအတိုင်း ဟဲဟိုးဘက်မှ ရွှေညောင်ဘက်သို့ ကလောမြို့နယ် လက်မောင်းကွေးရွာနေ မောင်အိုး(ခ)မောင်အုန်း မောင်းနှင်လာသော ၈၅/. . . . လေးလုံးထိုး ထော်လာဂျီယာဉ်သည် ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ရှိ လမ်းပခုံးပေါ်သို့ ရောက်ရှိတိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် လက်မောင်းကွေးရွာနေ မဖြူတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး တစ်ရွာတည်းနေ မမျိုးပါ ၃၂ ဦးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မောင်အိုး(ခ)မောင်အုန်းအား ဟဲဟိုးနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# ဆိုင်ကယ်နောက်လိုက်ပါလာသူ ဆိုင်ကယ်ပေါ်မှပြုတ်ကျပြီး ရထားကြိတ်မိ၍ သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ညောင်တိုဘူတာနှင့် ပင်းချောင်းဘူတာကြား ရထားလမ်းမိုင်တိုင်အမှတ် (၃၅၀/၁၇-၁၈) ကြားတွင် ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ခန့်က ဆိုင်ကယ်နောက်လိုက်ပါလာသူ ဆိုင်ကယ်ပေါ်မှပြုတ်ကျပြီး ရထားကြိတ်ခံရ၍သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က စီးကံကျေးရွာဘက်မှ ကျောက်ပန်းတောင်းမြို့ဘက်သို့ စီးကံကျေးရွာနေ ဦးမောင်မောင်ထွေး မောင်းနှင်ပြီး ဇနီးဖြစ်သူ မရီရီသင်း လိုက်ပါလာသော SHAYANG-100 ဆိုင်ကယ်သည် အမှတ်(၁၀၈) အစုန် ပခုက္ကူ-နေပြည်တော် ရထားလာစဉ် ရထားသံလမ်းအားဖြတ်မောင်းရာ မရီရီသင်းမှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျပြီး ရထားဖြင့်ကြိတ်မိ၍ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဦးမောင်မောင်ထွေးအား ကျောက်ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**


## အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆) ၄-၁-၂၀၁၆ဖြင့် ဒေါ်ခိုင်သက်မွန် (ဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား သုဓမ္မသိင်္ဂီဘွဲ့ ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုး၊ ဘာသာသာသနာအကျိုးကို ဆတက်တိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးကျော်နု-ဒေါ်တင်တင်ချို**
**TTC ဆောက်လုပ်ရေးကုမ္ပဏီ**
**နေပြည်တော်**



HIGHWAY STAR
Travels & Tours Co, Ltd
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲတောင်။
* ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး
* ဘားအံ၊ ကျိုက်ထော်ရေတံခွန်။
* ဘားအံ၊ ဆဒ္ဒန်ဂူ ဘုရား။
* ကျိုက်ထီးရိုး(စင်းလုံးငှားတောင်တက်ကား)။
* ပြည်၊ အကောက်တောင်။
* မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ။
* သံတောင်ကြီး၊ ဖိုးကျားဆင်စခန်း။
* မြဝတီ၊ မဲဆောက်။ (Jan 15,29)
Jan (29) Feb (11)
Scania/ ဗျာဝန် MAN
Jan (9,16,23,30)
6+1 10+1
09-253 235 411-22, 09-253 241 300, 09-795 565 199, 09-36 220 162



## ပြင်ဆင်ဖတ်ရှုပါရန်

၅-၁-၂၀၁၆ နေ့ထုတ်၊ ကြေးမုံသတင်းစာ၊ ကြော်ငြာစာမျက်နှာ (၂၈) "Ministry of Finance Modernization of Public Finance Management Project (MPFMp)" ကြော်ငြာတွင် E-mail လိပ်စာအား ltomyanmar.cm@ irdmyanmar. gov.mm ဟု ပြင်ဆင်ဖတ်ရှုပါရန်။



## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် မုံ-၂၉/၇၄မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ပေးပို့ပါရန်။ ဦးနှာသီး(ခ)မောင်သီး
ဖုန်း-၀၉-၆၄၆၀၄၆၃



## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် မုံ-၂၅/၇၄မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ပေးပို့ပါရန်။
**ဦးသိန်းဝင်း ဖုန်း-၀၉-၇၉၆၇၁၃၃၇၉**



## အမည်မှန်

ရေကြည်မြို့နယ်၊ ကျုံဖားရိုးအုပ်စု၊ ကျုံဖားတောင်ကျေးရွာနေ အဖ ဦးစိန်မြင့်၏သား မောင်ဆန်းဦး၏ အမည်မှန်မှာ[၁၄/ရကန(နိုင်)၀၉၅၀၆၅] မောင်အောင်ဆန်းဦး ဖြစ်ပါသည်။
**အောင်ဆန်းဦး**



## တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အမိုးပြုပြင်ခြင်းလုပ်ငန်း၊ မျက်နှာကြက်ပြုပြင်ခြင်းလုပ်ငန်းနှင့် အစည်းအဝေးခန်းမတွင် အသံလုံစနစ် တပ်ဆင်ဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

၂။ (က) တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၁၁-၁-၂၀၁၆ရက် (တနင်္လာနေ့)
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၀-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၀၀ နာရီ
(ဂ) တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန် - ၂၂-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**
**ရုံးအမှတ်(၅၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၃၁၆၊ ၀၆၇-၄၃၁၃၄၂**



သင့်သွေးဖြင့်အသက်ကယ်ပါ



NEW MOTION Travels & Tours
New Motion
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေလျှားသစ်လွင် ခရီးစဉ်
☆ အလောင်းတော်ကဿပခရီးစဉ်(မုံရွာ၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မန္တလေး) - Jan 29, Feb 11
☆ မန္တလေးခရီးစဉ် (မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ ကျောက်စိမ်းဘုရား) - Jan 29, Feb 11
☆ တောင်ကြီးခရီးစဉ် (တောင်ကြီး ၊ အင်းလေး၊ ပင်းတယ၊ ကလော) - Jan 29, Feb 11
☆ ပုဂံခရီးစဉ် (ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ) - Jan 29, Feb 11
☆ ပုဂံ-ရွှေစက်တော်ခရီးစဉ် ( မင်းဘူး၊ ရွှေစက်တော်၊ မကွေး၊ ပုဂံ၊ ပုပ္ပါး) - Feb 11
အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 527 922, 538 811, 09 492 529 11, 09 492 529 22, 09 731 489 22



## စစ်တက္ကသိုလ် အမှတ်စဉ်(၂၀) ကျောင်းဆင်းအရာရှိများ၏ အာစရိယပူဇော်ပွဲ အသိပေးဖိတ်ကြားလွှာ

ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ်တွင် ၁၉၇၄ခုနှစ်မှ ၁၉၇၉ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော စာပေနှင့် လေ့ကျင့်ရေးဌာနများမှ ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည့် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားအား နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပြုလုပ်သွားမည်ဖြစ်ပါ၍ တက်ရောက်နိုင်ရေး အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။ တစ်ဦးချင်းထံသို့လည်း ဖိတ်ကြားစာများ အချိန်မီ ဆက်သွယ်ပေးပို့သွားမည် ဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| (က) မန္တလေး | ဦးမြင့်လွင် | ၀၉-၂၀၀၇၁၄၃ | ဦးစိုးညွန့် | ၀၉-၂၁၆၅၈၃၁ |
| (ခ) နေပြည်တော် | ဦးစိန်လွင် | ၀၉-၈၃၀၀၆၁၂ | ဦးမောင်မောင်စန်း | ၀၉-၈၃၀၁၄၂၉ |
| (ဂ) ရန်ကုန် | ဦးသန်းထွန်း | ၀၉-၄၃၀၃၉၁၅၁ | ဦးအောင်ထွန်း | ၀၉-၅၀၄၁၆၅၉ |
| (ဃ) အာစရိယပူဇော်ပွဲဦးစီးကော်မတီ | | | ဖုန်း-၀၆၇-၄၃၁၃၇၀၊ ၀၉-၅၀၇၆၆၀၇ | |

**အာစရိယပူဇော်ပွဲဦးစီးကော်မတီ**
**စစ်တက္ကသိုလ်အမှတ်စဉ်(၂၀)**

# ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်း

## ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ။)**
**၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်

၁။ ဤဥပဒေကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။
(ဂ) **ဝန်ကြီး** ဆိုသည်မှာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။
(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။
(င) **ပြည်ထောင်စုဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခုကို ဆိုသည်။
(စ) **ဗဟိုအဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကို ဆိုသည်။
(ဆ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုသည်။
(ဇ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ နှစ်တစ်နှစ်၏ ဧပြီလ ၁ ရက်တွင် စ၍ နောက်နှစ် မတ်လ ၃၁ ရက်တွင် ပြီးဆုံးသော ကာလအပိုင်းအခြားကို ဆိုသည်။
(ဈ) **တစ်ခုတည်းသော ငွေတိုက်စာရင်း** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထိန်းသိမ်းထားရှိသော ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းနှင့် တစ်ခုတည်းသော ငွေတိုက်စာရင်းနှင့်ဆက်စပ်သော အခြားငွေစာရင်းများပါဝင်သည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကို ဆိုသည်။
(ည) **အစိုးရငွေချေးသက်သေခံလက်မှတ်များ**ဆိုသည်မှာ အစိုးရငွေတိုက်လက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ ပြည်ပသို့ ထုတ်ဝေရောင်းချသည့် ငွေတိုက်စာချုပ်နှင့် ငွေပေးကတိစာချုပ်တို့ကို ဆိုသည်။
(ဋ) **အစိုးရကြွေးမြီ** ဆိုသည်မှာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက ငွေချေးယူမှုကြောင့်သော် လည်းကောင်း သို့မဟုတ် ငွေပေးရန် ကတိပြုချက်အရသော်လည်းကောင်း သို့မဟုတ် နိုင်ငံတော်၏ အာမခံထားသည့် ကြွေးမြီကြောင့်သော်လည်းကောင်း ဖြစ်ပေါ်လာသည့် ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များအားလုံးကို ဆိုသည်။ အဆိုပါငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များတွင် ဤဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံတော်ပိုင် ဘဏ်များထံမှ ငွေချေးယူခြင်းများမပါဝင်။
(ဌ) **ပြည်သူ့ကြွေးမြီ** ဆိုသည်မှာ အစိုးရကြွေးမြီအရ ပေးရန်တာဝန်များနှင့် နိုင်ငံတော်က အာမခံထားသည့် ကြွေးမြီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ငွေချေးယူခြင်းကြောင့်ဖြစ်ပေါ်လာသော ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များကို ဆိုသည်။
(ဍ) **နိုင်ငံတော်၏အာမခံချက်ရှိသည့်ကြွေးမြီ** ဆိုသည်မှာ မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် စီမံကိန်းကိုမဆို နိုင်ငံတော်ကချေးငွေအတွက် အာမခံချက်များနှင့် အခြားသောအာမခံသဘောသက်ရောက်သော အခြားပုံစံများ ထုတ်ပေးခြင်းကြောင့် ဖြစ်ပေါ်လာသော ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များအားလုံးကို ဆိုသည်။
(ဎ) **ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု** ဆိုသည်မှာ ဤဥပဒေတွင် ဖော်ပြပါရှိသည့် ပြည်သူ့ကြွေးမြီနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုကို ဆိုသည်။
(ဏ) **ငွေချေးယူခြင်း** ဆိုသည်မှာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက ချေးငွေစာချုပ် ချုပ်ဆို၍ဖြစ်စေ၊ အစိုးရငွေချေး သက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချ၍ဖြစ်စေ ငွေချေးယူခြင်းနှင့် အစိုးရအာမခံချက်အရ ပေါ်ပေါက်လာသည့် ပေးရန်တာဝန်များကို ဆိုသည်။
(တ) **ကိုယ်စားလှယ်** ဆိုသည်မှာ ဤဥပဒေအရဖြစ်စေ၊ ကိုယ်စားလှယ်လွှဲအပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်အရဖြစ်စေ သတ်မှတ်ထားသော လုပ်ငန်းများကို ဝန်ကြီးဌာနကိုယ်စား တာဝန်ယူဆောင်ရွက်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ပြည်တွင်း သို့မဟုတ် ပြည်ပငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီတစ်ရပ်ရပ်ကို ဆိုသည်။
(ထ) **ငွေရေးကြေးရေးအဖွဲ့အစည်းများ** ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ ငွေရေးကြေးရေးအဖွဲ့အစည်းများဟု သတ်မှတ်ဖော်ပြသည့် အဖွဲ့အစည်းများကို ဆိုသည်။
(ဒ) **တာဝန်ခံ၍ တစ်ဆင့်ခံဖြန့်ချိရောင်းချသူများ** ဆိုသည်မှာ ငွေရေးကြေးရေး ဈေးကွက်များတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းနှင့်ရောင်းချခြင်းတို့အား စီမံဆောင်ရွက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်အစိုးရငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ရေးကုမ္ပဏီများကို ဆိုသည်။
(ဓ) **ကြွေးမြီပေးဆပ်ခြင်း** ဆိုသည်မှာ ကြွေးမြီအပေါ်ပေးချေရန် စေ့ရောက်သည့်အတိုးနှင့် အရင်းအပါအဝင် ကြွေးမြီဆိုင်ရာ စည်းကမ်းချက်များအရ ကျခံရမည့်စရိတ်များအတွက် ပေးချေမှုများ ဆောင်ရွက်ခြင်းကို ဆိုသည်။
(န) **နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော စီးပွားရေးအဖွဲ့အစည်းများကို ဆိုသည်။
(ပ) **စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေး လုပ်ငန်းများဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသောကော်မတီ သို့မဟုတ် အဖွဲ့ကို ဆိုသည်။

### အခန်း(၂)
### ငွေချေးယူခြင်းအတွက် အခွင့်အာဏာအပ်နှင်းခြင်းနှင့် ငွေချေးယူခြင်း

၃။ အစိုးရအဖွဲ့သည် နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အောက်ပါကိစ္စရပ်များအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေချေးယူနိုင်သည်-

(က) နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းလိုငွေကို ဖြည့်ဆည်းရန်၊
(ခ) စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ရန်ပုံငွေဖြည့်ဆည်းရန်၊
(ဂ) တစ်ခုတည်းသော ငွေတိုက်စာရင်းရှိ မြီရှင်လက်ကျန်ပမာဏ (Credit Balance)ကို ဝန်ကြီးက သတ်မှတ်ထားသော ပမာဏအတွင်း ထိန်းသိမ်းထားရှိရန်၊
(ဃ) ကြွေးမြီများကို ပြန်လည်ညှိနှိုင်းဖွဲ့စည်းရန် သို့မဟုတ် ပေးချေရမည့်ရက်မတိုင်မီ ကြိုတင်ပေးဆပ်ရန်၊
(င) ဗဟိုဘဏ်က ထိန်းသိမ်းထားရှိသော နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေကို လိုအပ်သည့်အခါ ဖြည့်တင်းရန်၊
(စ) အစိုးရ၏အာမခံထားရှိမှုအောက်မှ ကျန်ရှိသည့် ပေးရန်တာဝန်များကိုပေးချေရန်၊
(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် အခြားအဖွဲ့အစည်းတစ်ရပ်ရပ်သို့ အစိုးရချေးငွေ သို့မဟုတ် အကြွေးအဖြစ် ထုတ်ချေးရန်၊
(ဇ) သဘာဝဘေး သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ် သို့မဟုတ် နိုင်ငံတော်၏ အရေးပေါ်အခြေအနေတစ်ရပ်ရပ်ကြောင့် ပေါ်ပေါက်လာသည့် အကျိုးသက်ရောက်မှုများကို ဆောလျင်စွာအကာအကွယ်ပေးရေး၊ လျှော့ချရေး သို့မဟုတ် တိုက်ဖျက်ရေးတို့ကို ဆောင်ရွက်နိုင်ရန်၊
(ဈ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် သတ်မှတ်ထားသည့် အခြားကိစ္စတစ်ရပ်ရပ်အတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းရန်။

၄။ ဤအခန်းပါကိစ္စရပ်များအတွက် ချေးယူခဲ့သည့်ငွေများကို ဤဥပဒေနှင့်အညီ အစိုးရအဖွဲ့က အတည်ပြုထားသည့် ငွေချေးယူသည့် ကိစ္စရပ်များအတွက်သာ ကျခံသုံးစွဲရမည်။

၅။ ဝန်ကြီးသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၏ ငွေချေးယူခြင်းအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချေးငွေစာချုပ်များ ချုပ်ဆိုခြင်း၊ အစိုးရချေးငွေ သက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း သို့မဟုတ် အခြားသောချေးငွေဆိုင်ရာ သဘောတူညီချက်များတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် အစိုးရအာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်တွင်းငွေကြေးဖြင့်သော်လည်းကောင်း၊ နိုင်ငံခြားငွေကြေးဖြင့်သော်လည်းကောင်း ငွေချေးယူခြင်းကို ဆောင်ရွက်နိုင်သည်။ ထိုသို့ချေးယူခြင်းသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ရည်ရွယ်ချက်များနှင့်ကန့်သတ်ချက်များနှင့်အညီ ဖြစ်ရမည်။

၆။ အစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဝန်ကြီးအား လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းနိုင်သည်။ ဝန်ကြီးသည် ဤအခန်းပါကိစ္စရပ်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်ရာတွင် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၇။ ဝန်ကြီးသည် ဤဥပဒေပါ တာဝန်ဝတ္တရားအချို့ကို ဆောင်ရွက်ရန် သတ်မှတ်ချက်များနှင့်အညီ နှစ်ဖက်သဘောတူစာချုပ်အရ ကိုယ်စားလှယ်ခန့်အပ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၈။ ဤဥပဒေပါငွေချေးယူခြင်းအတွက် ပေးရန်တာဝန်ကျရောက်လာမှုကို အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဦးစားပေးရန် တာဝန်အဖြစ် ခွဲဝေလျာထားရမည်။ အဆိုပါငွေတောင်းခံမှုများကို ချုပ်ဆိုပြီးစာချုပ်များ၊ ပူးတွဲဘဏ္ဍာငွေ ဖြည့်ဆည်းခြင်းဆိုင်ရာ ကတိကဝတ်များ၊ ချေးငွေစာချုပ်များ၊ အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် နိုင်ငံတကာငွေရေးကြေးရေး အဖွဲ့အစည်းများတွင် နိုင်ငံတော်က အဖွဲ့ဝင်ထားခြင်းအတွက် လိုက်နာရမည့်တာဝန်များအပေါ်အခြေခံ၍ ဆုံးဖြတ်ရမည်။

### အခန်း(၃)
### ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ရည်ရွယ်ချက်

၉။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်များမှာ အစိုးရ၏ ဘဏ္ဍာငွေဖြည့်ဆည်းရန် လိုအပ်ချက်များနှင့် ၎င်း၏ ရေတိုရေရှည် ငွေပေးချေရန် တာဝန်များကို ဆုံးရှုံးနိုင်ခြေနှင့်အတူ ကုန်ကျစရိတ် အနည်းဆုံးဖြစ်ရန်နှင့် အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်းသော ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ပေးရန်တို့ ဖြစ်သည်။

၁၀။ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုတွင် အစိုးရကြွေးမြီများအတွက် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာချမှတ်ခြင်းနှင့် ပြည်သူ့ကြွေးမြီတစ်ရပ်လုံးအတွက် စာရင်းမှတ်တမ်းများ ကောင်းမွန်စွာ ထိန်းသိမ်းထားရှိခြင်းတို့ ပါဝင်သည်။

### အခန်း(၄)
### အစိုးရကြွေးမြီ စီမံခန့်ခွဲမှု မဟာဗျူဟာချမှတ်ခြင်း

၁၁။ အစိုးရကြွေးမြီအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ် သုံးနှစ်ကာလအတွက် ဝန်ကြီးဌာနက နှစ်စဉ်ပုံမှန်ရေးဆွဲ၍ အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

၁၂။ အစိုးရကြွေးမြီ စီမံခန့်ခွဲမှုမဟာဗျူဟာကို ချမှတ်ဆောင်ရွက်ရာတွင် ပုဒ်မ ၃ တွင် ဖော်ပြထားသော ကိစ္စရပ်များအပေါ် အခြေခံရမည်ဖြစ်ပြီး အောက်ပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည်-

(က) မက်ခရို စီးပွားရေးမူဘောင်၊
(ခ) အစိုးရ၏ အနာဂတ်ငွေချေးယူမှု လိုအပ်ချက်၊
(ဂ) ဈေးကွက် အခြေအနေများ၊
(ဃ) မဟာဗျူဟာ ဖော်ထုတ်ရေးနှင့်ဆက်စပ်သည့် အခြားကိစ္စရပ်များ။

၁၃။ အစိုးရကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာတွင် အောက်ပါတို့ပါဝင်ရမည်-

(က) ကြွေးမြီအရပ်ရပ်နှင့်စပ်လျဉ်းသည့် အန္တရာယ်ကျရောက်နိုင်မှုသည် သင့်တင့်လျောက်ပတ်သည့် အတိုင်းအတာတွင်ရှိကြောင်း သေချာမှုရှိစေရန် အစိုးရကြွေးမြီအရပ်ရပ်၏ အမျိုးအစားနှင့် ကြွေးမြီသစ်များ ရယူခြင်းတို့အတွက် လမ်းညွှန်မှုတင်ပြချက်နှင့် ရည်ရွယ်ချက် သတ်မှတ်ခြင်းများ၊
(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန် အစီအမံများ၊
(ဂ) ငွေထုတ်ချေးခြင်း၊ ထပ်ဆင့်ငွေထုတ်ချေးခြင်းနှင့် ချေးငွေအာမခံချက်များ ထုတ်ပေးခြင်းတို့အတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ။

၁၄။ ဝန်ကြီးက အဆိုပြုတင်သွင်းပြီး အစိုးရအဖွဲ့က အတည်ပြုသော အစိုးရကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာသည်-

(က) လာမည့်ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် လိုက်လျောညီထွေရှိရမည်။
(ခ) သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အစထက် နောက်မကျစေဘဲ ထုတ်ပြန်ကြေညာပြီး ဖြစ်ရမည်။
(ဂ) အတည်ပြုပြီးချိန်မှစ၍ အစိုးရငွေချေးယူမှုနှင့် အခြားကြွေးမြီစီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို ယင်းမဟာဗျူဟာနှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း (၅)
### အစိုးရအဖွဲ့မှ ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၁၅။ အစိုးရအဖွဲ့မှ ငွေချေးယူခြင်းတွင် ပြည်တွင်းဈေးကွက်၌ အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း၊ ပြည်ပတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းနှင့် မြန်မာနိုင်ငံအတွင်း၌ ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ငွေချေးစာချုပ်များချုပ်ဆို၍ ငွေချေးယူခြင်းတို့ ပါဝင်သည်။ အစိုးရအဖွဲ့က ငွေချေးယူခြင်းသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတွင် သတ်မှတ်ဖော်ပြသည့် ပမာဏအတွင်း ဖြစ်ရမည်။

၁၆။ ပြည်တွင်းဈေးကွက်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချ၍ ငွေချေးယူခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ဝန်ကြီးမှ ကြိုတင်ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် နိုင်ငံတော်၏ ကိုယ်စား ဝန်ကြီးဌာနသည် အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ အမျိုးအစားနှင့် အင်္ဂါရပ်များကို ဆုံးဖြတ်ပြီး အစိုးရငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေရောင်းချခြင်း၊
(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များ လေလံတင်ရောင်းချခြင်း၊ အစိုးရငွေချေး သက်သေခံလက်မှတ်ဝယ်ယူရန် ဖွဲ့စည်းထားသည့် စုပေါင်းအဖွဲ့အစည်းသို့ ရောင်းချခြင်း သို့မဟုတ်

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

ဝန်ကြီးကအတည်ပြုထားသော အခြားနည်းလမ်းဖြင့် ရောင်းချခြင်းတို့ကို သတ်မှတ်ထားသည့် စာရင်းမှတ်တမ်းသွင်းသည့် ပုံစံဖြင့်သာ ထုတ်ဝေရောင်းချခြင်း၊

(ဂ) အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ရောင်းချရာတွင် ဝန်ကြီးက အတည်ပြုထားသည့် အချိန်ဇယားနှင့်အညီ ပြုလုပ်ခြင်း၊

(ဃ) ဝန်ကြီးက အတည်ပြုထားသည့် အချိန်ဇယားကို ကြိုတင်ထုတ်ပြန်ရမည်ဖြစ်ပြီး ယင်းသို့ ထုတ်ပြန်ရာတွင် ထုတ်ဝေရောင်းချမည့် နေ့ရက်၊ အစိုးရငွေချေးသက်သေခံ လက်မှတ်အမျိုးအစားနှင့်သက်တမ်း၊ ထုတ်ဝေရောင်းချမည့်အများဆုံး ပမာဏတို့ကို ထည့်သွင်းဖော်ပြခြင်း၊

(င) ဝန်ကြီးဌာနသည် ဝန်ကြီးက အတည်ပြုထားသည့် အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ရန်နှင့် လေလံတင်သွင်းလာသော ကမ်းလှမ်းမှုများကို အစိုးရကိုယ်စားလက်ခံရန် ဆောင်ရွက်ပိုင်ခွင့်ရှိသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ခြင်း၊

(စ) အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ခြင်းမဟုတ်သော အခြားနည်းဖြင့် ထုတ်ဝေရောင်းချမည်ဆိုပါက ရောင်းချမည့်နည်းလမ်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များအတွက် ဝန်ကြီး၏ အတည်ပြုချက်ကိုကြိုတင်ရယူခြင်း။

၁၇။ အစိုးရငွေချေးသက်သေခံလက်မှတ်များအား ပြည်ပတွင်ထုတ်ဝေရောင်းချ၍ ငွေချေးယူခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အစိုးရအဖွဲ့သည် ပြည်ပတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဖြင့် ငွေချေးယူခြင်းကိစ္စကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရရှိပြီးမှ ဆောင်ရွက်ခြင်း၊

(ခ) ဝန်ကြီးသည် ထုတ်ဝေမည့် အစိုးရငွေချေးသက်သေခံလက်မှတ်အမျိုးအစား၊ သက်တမ်း၊ ပမာဏ၊ ကုန်ကျနိုင်သည့်စရိတ်၊ တာဝန်ခံ၍တစ်ဆင့် ဖြန့်ချိရောင်းချသူများခန့်အပ်ခြင်းနှင့် ဈေးကွက်အခြေအနေများ အပါအဝင် ထုတ်ဝေရောင်းချမှု၏ အခြေအနေအရပ်ရပ်ကို အတည်ပြုခြင်း၊

(ဂ) ဝန်ကြီးသည် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းအတွက် လိုအပ်သော ဘဏ္ဍာရေးနှင့်ငွေပေးချေရေးကိုယ်စားလှယ်များ၊ ဥပဒေဆိုင်ရာကိုယ်စားလှယ်များနှင့် အခြားကိုယ်စားလှယ်အဖွဲ့များ ခန့်အပ်ခြင်းကို အတည်ပြုခြင်း၊

(ဃ) ဝန်ကြီးသည် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းနှင့် စပ်လျဉ်းသော စာချုပ်များကို ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ၎င်း၏ကိုယ်စား ကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်ခြင်း။

၁၈။ (က) မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ချေးငွေစာချုပ်များချုပ်ဆို၍ ငွေချေးယူခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) အစိုးရအဖွဲ့သည် ချေးငွေစာချုပ်များချုပ်ဆို၍ ငွေချေးယူခြင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

(၂) ဝန်ကြီးသည် အစိုးရအဖွဲ့ကိုယ်စား ချေးငွေစာချုပ်ဆွေးနွေးညှိနှိုင်းခြင်းနှင့် အပြီးသတ်သဘောတူခြင်းတို့ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ၎င်း၏ တာဝန်ရှိပုဂ္ဂိုလ်များသို့ တာဝန်ပေးအပ်ခြင်း၊

(၃) ဝန်ကြီးသည် အစိုးရနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပြည်ပအစိုးရ သို့မဟုတ် အခြားမိရှင်တို့အကြား ချေးငွေစာချုပ်များ ချုပ်ဆိုရန် စီစဉ်ဆောင်ရွက်ရာတွင် ၎င်းချေးငွေစာချုပ်၏ စည်းကမ်းနှင့် သတ်မှတ်ချက်များကို အစိုးရအဖွဲ့က အတည်ပြုပြီးမှသာ ချေးငွေစာချုပ်ချုပ်ဆိုခြင်း၊

(၄) ဝန်ကြီးသည် ချေးငွေစာချုပ်များနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ၎င်း၏ကိုယ်စား ကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်း။

(ခ) ဝန်ကြီးသည် ချေးငွေများနှင့်စပ်လျဉ်း၍ ငွေချေးပေးသူ၏ သဘောတူညီချက်နှင့်အညီ ချေးငွေဆိုင်ရာ စည်းကမ်းနှင့် သတ်မှတ်ချက်များအပေါ် သဘောတူညီခဲ့ပါက အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(၁) ချေးငွေကိုပေးဆပ်ရမည့် ရက်မတိုင်မီ ကြိုတင်ပေးဆပ်ခြင်း၊

(၂) ချေးငွေစည်းကမ်းချက်များကို ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း၊

(၃) ချေးယူငွေများအား ချေးငွေပုံစံတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲခြင်း သို့မဟုတ် ချေးငွေနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ချေးငွေများကို ချေးငွေတစ်ခုတည်းအဖြစ် ပေါင်းစည်းခြင်း။

၁၉။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ရည်ရွယ်ချက်နှင့် အတည်ပြုထားသော မဟာဗျူဟာနှင့်အညီ ဝန်ကြီးသည် ချေးငွေဖွဲ့စည်းမှု စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ် ဆောင်ရွက်နိုင်သည်။ အဆိုပါလုပ်ငန်းစဉ်သည် စည်းမျဉ်းစည်းကမ်းများအရ ဝန်ကြီးက အတည်ပြုထားသည့် လုပ်ငန်းဖြစ်ရမည်။

## အခန်း (၆)
## တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မ ၁၈ နှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့် သက်ဆိုင်သည့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ငွေချေးယူနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ငွေချေးယူမှုများအတွက် အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်တို့ကို ကြိုတင်ရယူရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ၎င်းတို့၏ ကြွေးမြီလက်ကျန်အခြေအနေ၊ ချေးငွေအသစ်ရယူမှုအခြေအနေများကို ဘဏ္ဍာရေးနှစ် သုံးလပတ်တစ်ကြိမ် ကုန်ဆုံးပြီးနောက် တစ်လအတွင်း ဝန်ကြီးဌာနသို့ တင်ပြရမည်။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ မည်သည့်ကြွေးမြီဆိုင်ရာ သတင်းအချက်အလက်များကိုမဆို ဝန်ကြီးကိုယ်စား စာဖြင့်ရေးသားတောင်းခံနိုင်သည်။

## အခန်း (၇)
## စည်ပင်သာယာရေးအဖွဲ့များက ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၂၂။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စည်ပင်သာယာရေးအဖွဲ့ဆိုင်ရာ အခြားဥပဒေများ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ငွေချေးယူနိုင်သည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ငွေချေးယူမှုအားလုံးသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်တို့ကို ကြိုတင်ရယူရမည်။

၂၃။ စည်ပင်သာယာရေးအဖွဲ့များသည် ၎င်းတို့၏ ကြွေးမြီလက်ကျန်အခြေအနေနှင့် ချေးငွေအသစ် ရယူမှုအခြေအနေများကို ဘဏ္ဍာရေးနှစ် သုံးလပတ်တစ်ကြိမ် ကုန်ဆုံးပြီးနောက် တစ်လအတွင်း ဝန်ကြီးဌာနသို့တင်ပြရမည်။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့များ၏ မည်သည့်ကြွေးမြီဆိုင်ရာ သတင်းအချက်အလက်များကိုမဆို ဝန်ကြီးကိုယ်စား စာဖြင့်ရေးသားတောင်းခံနိုင်သည်။

## အခန်း (၈)
## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်ပိုင်ဘဏ်များထံမှ ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၂၄။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းများကို ကိုယ်ပိုင်ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတော်ပိုင်ဘဏ်များထံမှ ငွေချေးယူနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ငွေချေးယူသည့်ကိစ္စကို နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ယင်းသို့ချေးယူလျှင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်တို့ကို ကြိုတင်ရယူရမည်။

၂၅။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံပိုင်ဘဏ်များထံမှ ချေးယူထားသည့် ကြွေးမြီလက်ကျန်အခြေအနေနှင့် ချေးငွေအသစ်ရယူမှု အခြေအနေများကို ဘဏ္ဍာရေးနှစ် သုံးလပတ်တစ်ကြိမ် ကုန်ဆုံးပြီးနောက် တစ်လအတွင်း ဝန်ကြီးဌာနသို့ တင်ပြရမည်။ ဝန်ကြီးဌာနသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ နိုင်ငံပိုင်ဘဏ်များထံမှချေးယူသည့် မည်သည့် ကြွေးမြီဆိုင်ရာ သတင်းအချက်အလက်များကိုမဆို ဝန်ကြီးကိုယ်စား စာဖြင့် ရေးသားတောင်းခံနိုင်သည်။

## အခန်း (၉)
## ငွေထုတ်ချေးခြင်းနှင့် ထပ်ဆင့်ငွေထုတ်ချေးခြင်း

၂၆။ ဝန်ကြီးသည် ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုထားသော ချေးငွေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များသို့ ထုတ်ချေးခြင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား ငွေထုတ်ချေးခြင်းတို့ကို နိုင်ငံတော်ကိုယ်စား ဆောင်ရွက်နိုင်သည်။

၂၇။ ပုဒ်မ ၂၆ အရ ထုတ်ချေးရာတွင် -

(က) ဝန်ကြီးသည် မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်တစ်ဦးအားဖြစ်စေ ချေးငွေနှင့်သက်ဆိုင်သောစာချုပ်ကို နိုင်ငံတော်ကိုယ်စား လက်မှတ်ရေးထိုးခြင်းပြုနိုင်သည်။

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ချေးငွေဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

၂၈။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ -

(က) ဝန်ကြီးဌာနသည် ပုဒ်မ ၁၈ အရ နိုင်ငံတော်ကိုယ်စား ပြည်ပမှ ချေးယူရရှိသည့်ငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ ထပ်ဆင့်ထုတ်ချေးနိုင်သည်။

(ခ) ယင်းထပ်ဆင့်ချေးငွေဆိုင်ရာ စည်းကမ်းနှင့် သတ်မှတ်ချက်များကို ဝန်ကြီးက သတ်မှတ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ရယူရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဝန်ကြီးသည် ထပ်ဆင့်ထုတ်ချေးခြင်းနှင့်စပ်လျဉ်းသော စာချုပ်များ၊ စာရွက်စာတမ်းများကို ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ် ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၉။ ဤအခန်းပါ ချေးငွေ သို့မဟုတ် ထပ်ဆင့်ချေးငွေတစ်ရပ်ရပ်ကို သက်တမ်းတိုးမြှင့်ပေးခြင်းမပြုမီ ဤသို့ချေးငွေသက်တမ်းတိုးမြှင့်ပေးခြင်းကြောင့် ပေါ်ပေါက်မည့် ချေးငွေလက်ကျန်အပေါ် ဆုံးရှုံးနိုင်ခြေကို ဝန်ကြီးဌာနက ဆန်းစစ်သုံးသပ်ရမည်။

## အခန်း (၁၀)
## နိုင်ငံတော်၏ အာမခံချက်များ

၃၀။ ဝန်ကြီးသည် -

(က) မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် စီမံကိန်းကိုမဆို ချေးငွေအတွက် အာမခံချက် သို့မဟုတ် အာမခံသဘောသက်ရောက်သော အခြားပုံစံများကို အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးနိုင်သည်။

(ခ) နိုင်ငံတော်၏ အာမခံချက်နှင့်စပ်လျဉ်းသည့် သဘောတူညီချက်ကို ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ်ခန့်အပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၃၁။ ဤအခန်းအရ နိုင်ငံတော်၏ အာမခံချက်ကို ထုတ်ပေးခြင်းမပြုမီနှင့် အာမခံသက်တမ်းတစ်လျှောက် ထိုအာမခံချက်ထုတ်ပေးခြင်းကြောင့် အစိုးရ၏ ဆုံးရှုံးနိုင်ခြေကို ဝန်ကြီးဌာနက သုံးသပ်ရမည်။ နိုင်ငံခြားငွေဖြင့် အာမခံချက်ထုတ်ပေးရန်ကိစ္စရပ်များတွင် လိုအပ်ပါက မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ညှိနှိုင်းမှုပြုနိုင်သည်။

၃၂။ နိုင်ငံတော်၏အာမခံချက်ဖြင့် ငွေချေးယူသူသည် ပြည်ထောင်စုလွှတ်တော်က သီးခြားသတ်မှတ်ချက်မရှိလျှင် အဆိုပါအာမခံအတွက် ဝန်ကြီးက သတ်မှတ်သော အာမခံကြေးကို အစိုးရထံ ပေးသွင်းရမည်။

၃၃။ ဝန်ကြီးသည် အောက်ပါကိစ္စရပ်အတွက် စိုက်ထုတ်ကုန်ကျငွေကို နိုင်ငံတော်၏ အာမခံချက်ဖြင့် ငွေချေးယူသူထံမှ ပြန်လည်ဖြည့်တင်းစေခြင်း သို့မဟုတ် ထုတ်ပေးစေခြင်းပြုရန် တောင်းခံနိုင်ခွင့်ရှိသည်-

(က) အာမခံချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစိုးရကထုတ်ပေးရသည့် ငွေကြေးအားလုံး၊

(ခ) အာမခံချက်နှင့် ဆက်စပ်၍ အစိုးရက ကျခံခဲ့သော အသုံးစရိတ်များအားလုံး၊

(ဂ) အာမခံချက်ကို ဖြည့်ဆည်းပေးရန် အစိုးရက ထုတ်ပေးရသည့် ငွေကြေးအားလုံးအပေါ် အတိုး။

## အခန်း (၁၁)
## စာရင်းပြုစုခြင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့် အစီရင်ခံတင်ပြခြင်း

၃၄။ ဝန်ကြီးဌာနသည်-

(က) ပြည်သူ့ကြွေးမြီများ၊ ငွေထုတ်ချေးခြင်း၊ ထပ်ဆင့်ငွေထုတ်ချေးခြင်း၊ အာမခံချက်များနှင့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော ငွေရေးကြေးရေး ဆောင်ရွက်ချက်များအားလုံးကို ရသုံးခန့်မှန်းခြေငွေစာရင်းခေါင်းစဉ် အမျိုးအစားများ၊ စာရင်းအမျိုးအစားများနှင့်အညီ မှတ်တမ်းတင်ထားရှိရမည်။ ပြည်သူ့ကြွေးမြီနှင့် သက်ဆိုင်သော ငွေရေးကြေးရေးဆောင်ရွက်ချက်အားလုံးအတွက် စာရင်းမှတ်တမ်းများအား ဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများနှင့်အညီ ထားရှိရမည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုအတွက် ငွေစာရင်းများထိန်းသိမ်းရာတွင် မြန်မာနိုင်ငံ ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံတင်ပြမှု စံသတ်မှတ်ချက်များကို လိုက်နာကျင့်သုံးရမည်။

၃၅။ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲပြုစုရာတွင် ၎င်းတို့၏ ချေးငွေထုတ်ယူသုံးစွဲခြင်းနှင့် ကြွေးမြီပေးဆပ်ခြင်းများနှင့်စပ်လျဉ်း၍ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရေးအတွက် ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ခန့်မှန်းတွက်ချက်ပြီး ၎င်းတို့၏ ရသုံးမှန်းခြေငွေစာရင်းများတွင် ထည့်သွင်းလျာထားကာ သက်ဆိုင်ရာလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၃၆။ ဝန်ကြီးဌာနသည် အစိုးရကြွေးမြီပေးဆပ်မှု အသုံးစရိတ် ခန့်မှန်းခြေများကို သက်ဆိုင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများတွင် ထည့်သွင်းလျာထားမှုမပြုနိုင်ခဲ့ခြင်း သို့မဟုတ် လျာထားချက် လုံလောက်မှုမရှိခြင်းစသည့် ကိစ္စရပ်များတွင် ယင်းချေးယူငွေများအပေါ် အရင်း၊ အတိုးနှင့်ငွေချေးယူမှုနှင့် အခြားကုန်ကျစရိတ်များကို အပြည့်အဝ အချိန်မီပေးဆပ်နိုင်ရေးအတွက် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့် အညီ နှောင့်နှေးမှုမရှိစေဘဲ ဆောင်ရွက်ရမည်။

၃၇။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ခြောက်လထက် နောက်မကျသည့် ကာလအတွင်း ဝန်ကြီးသည် အစိုးရကြွေးမြီစီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ အစိုးရ၏ အာမခံချက်များနှင့် အစိုးရမှ ငွေထုတ်ချေးခြင်းများနှင့် စပ်လျဉ်းသည့် နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။ ဝန်ကြီး၏ နှစ်ပတ်လည်အစီရင်ခံစာတွင် အောက်ပါတို့ကို ထည့်သွင်းဖော်ပြ ရမည်-

(က) ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာဆိုင်ရာ ရည်ရွယ်ချက်နှင့် အခြေခံသဘောတရားများ၊

(ခ) ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာဆိုင်ရာ ရည်ရွယ်ချက်များ အောင်မြင်စေရန် အထောက်အကူပြုခဲ့သည့် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ သတင်းအချက်အလက်များနှင့် ယင်းသတင်းအချက်အလက်များကို အသုံးပြု၍ ဘဏ္ဍာရေးနှစ်အတွင်း ကြွေးမြီစီမံဆောင်ရွက်မှုအခြေအနေများ၊

(ဂ) သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ချုပ်ဆိုသည့်ငွေချေးစာချုပ်အသစ်များ၏ စည်းကမ်းသတ်မှတ်ချက်များ၊

(ဃ) ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်း၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ချေးယူထားသော ကြွေးမြီလက်ကျန်စုစုပေါင်း၊

(င) ပေးချေရန် ပျက်ကွက်နိုင်ဖွယ်ရှိသည့် အခြေအနေများကို ချေးငွေအမျိုးအစားအလိုက် သတ်မှတ်ဖော်ပြမှုပါဝင်သည့် ထုတ်ချေးငွေနှင့် ထပ်ဆင့်ချေးငွေများ အားလုံး၏ စာရင်း၊

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

(စ) နိုင်ငံတော်က အာမခံပေးထားသော အာမခံချက်များအားလုံး၏ စာရင်း။

၃၈။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ အစိုးရ၏ ကြွေးမြီနှင့် စပ်လျဉ်းသော ဆောင်ရွက်ချက်များကို ထိရောက်စွာ ဆောင်ရွက်မှု ရှိ၊ မရှိနှင့် ကြပ်မတ်ကွပ်ကဲမှု ရှိ၊ မရှိကို နှစ်စဉ် စစ်ဆေးဆောင်ရွက်ရမည်။

(ခ) စာရင်းစစ်အစီရင်ခံစာနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တစ်ပြိုင်တည်း အစီရင်ခံတင်ပြရမည်။

**အခန်း (၁၂)**

**ဝန်ကြီးဌာန၏တာဝန်များ**

၃၉။ ဝန်ကြီးဌာနသည် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုအတွက် ကြွေးမြီစာရင်း မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည်။

၄၀။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှု မဟာဗျူဟာနှင့်ငွေချေးယူရေး အစီအစဉ်တို့ကို ပြုစု၍ ဝန်ကြီးဌာန အင်တာနက်စာမျက်နှာတွင် ဖော်ပြရန်၊

(ခ) အစိုးရကြွေးမြီနှင့်စပ်လျဉ်းသော စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ အာမခံချက်များ၊ ထုတ်ချေးငွေများနှင့်သက်ဆိုင်သည့် နှစ်ပတ်လည်အစီရင်ခံစာကို ဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာတွင် ဖော်ပြရန်၊

(ဂ) နိုင်ငံတော်၏ အာမခံချက်ရှိသည့် ကြွေးမြီဆိုင်ရာ သတင်းအချက်အလက်များ၊ စာအုပ်စာတမ်းစာစောင်များ ထုတ်ဝေဖြန့်ချိရန်၊

(ဃ) ဤဥပဒေနှင့်အစိုးရကြွေးမြီအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာတို့နှင့်အညီ ကြွေးမြီကို စီမံခန့်ခွဲရန်၊

(င) မြန်မာနိုင်ငံတွင် ထုတ်ဝေရောင်းချမည့် အစိုးရငွေချေးသက်သေခံလက်မှတ်များအတွက် ထုတ်ဝေရောင်းချမည့် အချိန်ဇယားကို ရေးဆွဲပြင်ဆင်ရန်၊

(စ) လေလံရလဒ်များ အတည်ပြုခြင်းအပါအဝင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းကို စီမံခန့်ခွဲရန်၊

(ဆ) မြီရှင်များနှင့်ညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် အစိုးရငွေချေးယူမှုများ အားလုံးအတွက် ဝန်ကြီးအား အကြံပြုရန်၊

(ဇ) နိုင်ငံတော်၏အာမခံချက်များ ထုတ်ပေးရာတွင် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်၍ ဝန်ကြီးထံသို့ အစီရင်ခံစာ ပြုစုတင်ပြရန်၊

(ဈ) နိုင်ငံတော်၏ အာမခံချက်များကို ဖြည့်ဆည်းရန် အစိုးရက ကျခံသုံးစွဲခဲ့သော အတိုးငွေနှင့် အခြားအသုံးစရိတ်များအပါအဝင် ငွေပေးချေမှုများအားလုံးကို အရကောက်ခံရန်၊

(ည) ထုတ်ချေးငွေများအတွက် ဆုံးရှုံးနိုင်ခြေကို ဆန်းစစ်၍ ဝန်ကြီးထံသို့ အစီရင်ခံစာတင်ပြရန်၊

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီဆိုင်ရာအခြေအနေများကို အစီရင်ခံတင်ပြရန်နှင့် ကြွေးမြီအခြေအနေကို စောင့်ကြပ်ကြည့်ရှုရန်၊

(ဌ) အစိုးရကြွေးမြီလက်ကျန်များ၊ နိုင်ငံတော်၏ အာမခံချက်များနှင့် အစိုးရ၏ ထုတ်ချေးငွေများကို လျော်ကန်သောကြွေးမြီမှတ်တမ်းနှင့် စီမံခန့်ခွဲမှုစနစ်တစ်ရပ်ဖြင့် ပြည့်စုံပြီးမှန်ကန်သည့် မှတ်တမ်းများကို အချိန်အခါအလိုက်ထားရှိရန်၊

(ဍ) အစိုးရကြွေးမြီပေးဆပ်ရန် တာဝန်များနှင့်စပ်လျဉ်း၍ အကြံပြုရန်၊

(ဎ) သက်ဆိုင်သည့် ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများတွင် သက်ဆိုင်သည့် ကြွေးမြီပေးဆပ်မှုနှင့် ချေးငွေထုတ်ယူသုံးစွဲမှုများကို လျာထားမှုပြုစုရန်၊

(ဏ) ချေးငွေစာချုပ်များနှင့် ကြွေးမြီစီမံခန့်ခွဲမှုမှတ်တမ်းများကို လုံခြုံစိတ်ချသောနေရာတွင် စနစ်တကျ သိမ်းဆည်းထားရှိရန်၊

(တ) အစိုးရအဖွဲ့က စာချုပ်ချုပ်ဆို ချေးယူထားသော ချေးငွေများကို မှတ်တမ်းတင်ထားရှိရန်၊

(ထ) နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းများထံ ထည့်ဝင်ရမည့် အစုရှယ်ယာအတွက် ပေးချေခြင်းနှင့် စုစုပေါင်းထည့်ဝင်ပြီး ငွေများကို မှတ်တမ်းထားရှိရန်၊

(ဒ) အစိုးရအဖွဲ့၏ ချေးငွေရယူသုံးစွဲမှုများကို နှစ်ဖက်သဘောတူထားသော ချေးငွေရယူသုံးစွဲရေး အချိန်ဇယားနှင့်အညီ ကြီးကြပ်ကွပ်ကဲရန်၊

(ဓ) ကြွေးမြီပျက်ကွက်မှုများနှင့် အခြားပေးရန်တာဝန်များကို ငွေရေးကြေးရေး ပိုင်ဆိုင်ခွင့်များ အစားထိုးထုတ်ပေးခြင်းဖြင့် ရှင်းလင်းဆောင်ရွက်သည့်ကိစ္စရပ်များတွင် လျော်ကန်သည်ဟု ယူဆသည့် ငွေရေးကြေးရေးပိုင်ဆိုင်ခွင့်များ ထုတ်ပေးရန်အတွက် ပြင်ဆင်ရန်၊

(န) ဝန်ကြီးက ဆုံးဖြတ်သည့် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်။

**အခန်း (၁၃)**

**တားမြစ်ချက်များ**

၄၁။ မည်သူမျှ အောက်ပါတို့ကို မပြုလုပ်ရ-

(က) ဝန်ကြီး၏ ခွင့်ပြုချက်မရရှိဘဲ ငွေချေးယူခြင်း၊ ငွေချေးယူရန် အလို့ငှာ ညှိနှိုင်းခြင်း၊

(ခ) ပုဒ်မ ၃ တွင် ဖော်ပြထားသော ကိစ္စတစ်ရပ်ရပ်မှအပ အခြားကိစ္စရပ်အတွက် ငွေချေးယူခြင်း၊

(ဂ) ဤဥပဒေနှင့်အညီ ငွေချေးယူခြင်းအတွက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခြင်း၊

(ဃ) ပုဒ်မ ၂၁၊ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၅ တို့နှင့်အညီ ဝန်ကြီးဌာနသို့ ပေးပို့ရမည့် သတင်းအချက်အလက်များတင်ပြရန် ပျက်ကွက်ခြင်း။

၄၂။ ပုဒ်မ ၄၁ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူ မည်သူမဆို နိုင်ငံတော်၏တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူခြင်း ခံရမည်။

**အခန်း (၁၄)**

**အထွေထွေ**

